# ကြေးမုံ

The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (19-10-2011) (မြ၁၇)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၈

**ထိုင်းနိုင်ငံတွင် လတ်တလောဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။** (သတင်းစဉ်)

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

### ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇၄။ (က) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် သတ်မှတ်ထားသည့်ကာလအတွင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ ပြင်ဆင်မှုလျှောက်ထားရာတွင် ဥပဒေရေးရာပြဿနာ ပေါ်ပေါက်မှသာ လျှောက်ထားခွင့်ရှိသည်။"

(ခ) ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း(၁၃)ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

**စာမျက်နှာ ၂ ကော်လံ ၁ သို့** ☆

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

### အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၇၄၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇၄။ (က) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် သတ်မှတ်ထားသည့်ကာလအတွင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ ပြင်ဆင်မှုလျှောက်ထားရာတွင် ဥပဒေရေးရာပြဿနာ ပေါ်ပေါက်မှသာ လျှောက်ထားခွင့်ရှိသည်။"

(ခ) ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့် နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း(၁၃)ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

**စာမျက်နှာ ၂ ကော်လံ ၁ သို့** ❍

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၀။)
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၇၄၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇၄။ (က) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် သတ်မှတ်ထားသည့်ကာလအတွင်း သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားနိုင်သည်။ ပြင်ဆင်မှုလျှောက်ထားရာတွင် ဥပဒေရေးရာပြဿနာ ပေါ်ပေါက်မှသာ လျှောက်ထားခွင့်ရှိသည်။"

(ခ) ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း(၁၃)ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က

**စာမျက်နှာ ၂ ကော်လံ ၁ သို့** ✳

## ☆ ပြည်သူ့လွှတ်တော်မှ

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ)သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည် လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ❍ အမျိုးသားလွှတ်တော်မှ

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ)သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ✳ တိုင်းဒေသကြီးမှ

ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ(ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည် လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

၁၉-၁၀-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

# အနုသုခုမဂုဏ်ရည်များ ရှုမြင်ခံစား

နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းသည် သက်ဆိုင်ရာနိုင်ငံသူ၊ နိုင်ငံသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုအပေါ် တည်သည်။ ယဉ်ကျေးသိမ်မွေ့မှု၊ သိက္ခာရှိမှုများ တိုက်ရိုက်ထင်ဟပ်လေ့ရှိသဖြင့် ယဉ်ကျေးမှုနယ်ပယ်တွင် မိမိတို့၏ အမျိုးသားဟန်မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် နိုင်ငံသားတိုင်း၌ တာဝန်ရှိပေသည်။

ယနေ့ကမ္ဘာတွင် သတင်းအချက်အလက်နှင့် နည်းပညာရပ်များ မရပ်မနား တိုးတက်နေသည်။ အဆိုပါ နည်းပညာရပ်များ၏ နက်ရှိုင်းကျယ်ပြန့်တိုးတက်လာမှုနှင့်အတူ ယဉ်ကျေးမှုနယ်ပယ်ကိုလည်း ချဲ့ထွင်ဝင်ရောက် ထိုးဖောက်လာနေပြီ။ အဘက်ဘက်ကတိုးတက်နေသည့် နိုင်ငံကြီးများ၏ လူနေမှုဓလေ့စရိုက် ယဉ်ကျေးမှုများက နိုင်ငံငယ်ကလေးများ၏ ယဉ်ကျေးမှုများအပေါ် လွှမ်းမိုးချေဖျက်နိုင်စွမ်းရှိနေသည့် ကာလအဆစ်အပိုင်းတစ်ခု။

ယင်းသို့သော အချိန်အခါတွင် ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါပျောက်တတ်သည်ဆိုစကားအရ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားနေရန်လိုအပ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်နေရေးတို့သည် အလေးထားကြရမည့် အချက်များ ဖြစ်သည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသည့် မြို့ပြနိုင်ငံကို ထူထောင်နိုင်ခဲ့သည့် နိုင်ငံ။ ရှေးဘိုးဘေးများလက်ထက် တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာစသည့် မြို့ပြနိုင်ငံများတွင် ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ကြေးသွန်းစသည့် လက်မှုပညာရပ်များ၊ အဆင့်မြင့်မား ဗိသုကာပညာရပ်များထွန်းကားခဲ့သည်။ ထို့အတူ ပျူ၊ ပုဂံ၊ ပင်းယ၊ အင်းဝခေတ်များနှင့် ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံခေတ်များ ထိတိုင် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဂီတ၊ သုခုမသဘင်မှုအနုပညာရပ်များ အဆင့်ဆင့် ထွန်းကားခဲ့သည်။

နိုင်ငံတော်က အဆင့်မြင့်ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ဖော်ထုတ်ထိန်းသိမ်းပေးနေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေကောင်းများ လက်ဆင့်ကမ်း ပွားများလာမှုကို ယနေ့လူငယ်များ တွေ့မြင်နိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပပေးနေသည်။ ကျင်းပဆဲ (၁၈)ကြိမ်မြောက် ပြိုင်ပွဲကြီးတွင် အနုပညာရှင်များက ဇာတ်သဘင်၊ ရုပ်စုံသဘင်၊ ကွက်စိပ်၊ ပြဇာတ်ပြိုင်ပွဲများနှင့် အဆို၊ အက၊ အရေး၊ အတီးဘာသာရပ်အလိုက် ယှဉ်ပြိုင်နေကြပြီဖြစ်သည်။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် လောက၊ ဓမ္မ၊ ရာဇအကြောင်းများ၊ လောကီတရား၊ လောကုတ္တရာတရားများနှင့် မြန်မာ့သဘာဝ၊ မြန်မာ့အလှ၊ မြန်မာ့စိတ်ရင်းစေတနာနှင့် အနုသုခုမဂုဏ်ရည်များကို ရှုမြင်ခံစားနိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၉-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**
**[၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်(အဖိတ်နေ့)]**

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး-တေးရေး- မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၂၅ ၉။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ အဆိုပြိုင်ပွဲ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အတီးပြိုင်ပွဲ
၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၇။ "ရတနာစုံညီနေပြည်တော်ဆီ"
၅:၁၀ ၈။ သီချင်းကြီးပဒေသာ
၅:၂၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀ ၁၀။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော် သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်။
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၄၅ ၁၄။ ရွှေရင်ခုန်သံ
၇:၀၀ ၁၅။ (၆)လတာ ဒီမိုကရေစီခရီး
၇:၃၀ ၁၆။ မြန်မာ့ယဉ်ကျေးမှု အက အလှများ
၇:၃၅ ၁၇။ ချင်းပြည်နယ်ခရီးသွားမှတ်တမ်း (အပိုင်း-၁)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၁၀၀) (ဇာတ်သိမ်းပိုင်း)**
၂၃။ ၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
၂၄။ အစီအစဉ်ပြီး၏။

## အချိန်အခါမဟုတ် မိုးရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ယင်းလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ် မုတ္တမကွေ့ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ တိုက်ခတ်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီမိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၈**

ထိုင်းနိုင်ငံတွင် လတ်တလောဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဆူရာပွန် တိုဗီချက်ချိုင်ကူးထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

**စာပေမြင့်မှ လူမျိုးတင့်မည်**

# စည်းမျဉ်းစည်းကမ်းလိုက်နာအောင်၊ အားကစားစိတ်ဓာတ်ပြည့်ဝအောင် လေ့ကျင့်ပေး သက်တမ်းအလိုက် ဘောလုံးအသင်းများကို စနစ်တကျ စီမံချက်ရေးဆွဲဖွဲ့စည်း

❖**ကျောဖုံးမှ**

တစ်ဖန် ၂၀၀၂ ခုနှစ်ကျမှ

- မလေးရှားနိုင်ငံ၌ ကျင်းပသည့် အာဆီယံ U-17 ဘောလုံးပြိုင်ပွဲ၊
- ၂၀၀၃ ခုနှစ် ရန်ကုန်မြို့၌ကျင်းပသည့် အာဆီယံ U-18 ဘောလုံးပြိုင်ပွဲ၊
- ၂၀၀၄ ခုနှစ် ထိုင်းနိုင်ငံ၌ကျင်းပသည့် ဘင်းမ်စတက် U-18 ဘောလုံးပြိုင်ပွဲ၊
- ၂၀၀၅ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် U-20 အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲ၊
- ထိုင်းနိုင်ငံ၌ ကျင်းပသည့် U-17 အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ၊
- ၂၀၀၆ ခုနှစ် မာဒေးကားဖလားပြိုင်ပွဲများတွင် ချန်ပီယံဆုဖလားပြန်လည်ရရှိခဲ့ပါကြောင်း။

ယခုနောက်ဆုံး ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် မဲခေါင်ဒေသတွင်းခြောက်နိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက ပြိုင်ဘက်ထိုင်းနိုင်ငံအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ယူပြီး ချန်ပီယံဆုကိုဆွတ်ခူးလာနိုင်ခဲ့သည့်အတွက် ဘောလုံးအားကစားသမားများနှင့် အုပ်ချုပ်သူများ၊ နည်းပြများအပါအဝင် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ကြသူများအားလုံးကို နိုင်ငံကိုယ်စားများစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါကြောင်း။

ယခင်အချိန်တုန်းကကဲ့သို့ လျှမ်းလျှမ်းတောက် အောင်မြင်မှုများကိုရရှိနိုင်ရန် မလျှော့သောဇွဲဖြင့် ဆက်လက်ကြိုးပမ်းသွားရန်လည်း တိုက်တွန်းလိုပါကြောင်း၊ မြန်မာ့ဘောလုံးလောက ပြန်လည်မြင့်မားတိုးတက်လာစေရေးအတွက် ၂၀၀၉ ခုနှစ် မေ ၁၆ ရက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် Professional အဆင့်ကို ကူးပြောင်းစေပြီး Myanmar National League ဘောလုံးပြိုင်ပွဲအသွင်ဖြင့် စတင်ကျင်းပလာခဲ့သည်မှာ (၂)နှစ်ကျော် (၃)နှစ် အတွင်းရောက်ရှိခဲ့ပြီး ဘောလုံးကလပ်အသင်း ၁၂ သင်းရှိ နေပြီဖြစ်ပါကြောင်း။

တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ နိုင်ငံချစ်စိတ်ကို အရင်းတည်ပြီး ငွေကြေးမြောက်မြားစွာ စိုက်ထုတ်သုံးစွဲမှု၊ ပြည်သူလူထု၏ တစ်ခဲနက် အားပေးမှုများဖြင့် MNL ဘောလုံးပြိုင်ပွဲများပြုလုပ်ပြီး ဒေသတွင်း ချန်ပီယံဆုများ ပြန်လည်ဆွတ်ခူးနိုင်အောင် အကြိမ်ကြိမ်အခါခါ အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့သော်လည်း မျှော်မှန်းသလောက် အောင်မြင်မှုမရခဲ့ခြင်းကြောင့် အမျိုးသားအားကစားဖြစ်သော မြန်မာ့ဘောလုံးစွမ်းရည် ပြန်လည်အဆင့်မြင့်မား တိုးတက်လာစေရေးအတွက် မြင်ကွင်းစုံ ရှုထောင့်မျိုးစုံမှ ပြန်လည်သုံးသပ်ဝေဖန် ဆွေးနွေးနည်းလမ်းရှာနိုင်ကြစေရန် မြန်မာ့ဘောလုံးအားကစားစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ကျင်းပပေးရခြင်းပင်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာတွင် ဘောလုံးအားကစားနည်းအပေါ် ထားရှိသောခံယူချက်များပြောင်းလဲသွားပြီ ဖြစ်ပါကြောင်း၊ ဘောလုံးကို ကျန်းမာရေး ဖျော်ဖြေရေး အားကစားပုံစံမျိုး သာမန်အပျော်တမ်းအားကစားမျိုး အမြင်မထားကြတော့ဘဲ အသက်မွေးဝမ်းကျောင်းပညာရပ် စီးပွားရေးတန်းဝင် မဟာအားကစားတစ်ရပ်အဖြစ် လက်ခံလာကြသည့်အတွက် ပြုစုပျိုးထောင်ရေး၊ လေ့ကျင့်ရေးမှအစ ပြိုင်ပွဲအောင်နိုင်ရေးအထိ နည်းမျိုးစုံဖြင့် သေချာဂနစွာ တွက်ချက်ရင်းနှီးမြှုပ်နှံလာသောလုပ်ငန်းပညာရပ်တစ်ခုအဖြစ် ဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာမှာဖြစ်ပေါ်ပြောင်းလဲလာသည့် ဖြစ်စဉ်များနှင့်အတူ အောင်မြင်ရေးလမ်းကြောင်းပေါ်ရောက်ရှိနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများနည်းတူ အခြေခံမှစပြီး ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်သွားမှသာလျှင် ဘောလုံးအားကစား ချန်ပီယံဆုများ စဉ်ဆက်မပြတ် ပြန်လည်ဆွတ်ခူးလာနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ့ဘောလုံးအားကစားစွမ်းရည် ပြန်လည် တိုးတက်လာစေရေးအတွက် တစ်နိုင်ငံလုံး လက်ရှိ ရှိနေသော ဘောလုံးကွင်းများကို အဆင့်မီသောဘောလုံးကွင်းများဖြစ်အောင် ပြုပြင်အဆင့်မြှင့်တင်ကြရန် ရပ်ကွက်/ကျေးရွာများနှင့် တစ်နိုင်ငံလုံးတွင်ရှိသည့် အခြေခံပညာကျောင်းများတွင် ဘောလုံးကွင်းများထည့်သွင်းပြုလုပ်ပေးကြရန် လိုအပ်သကဲ့သို့ ဘောလုံးပွဲကြည့်ပရိသတ်များအနေဖြင့်လည်း နိုင်ငံကြီးသားမပီသသော အပြုအမူဖြစ်သည့် စည်းကမ်းမဲ့အော်ဟစ်အားပေးခြင်း၊ ကွင်းအတွင်းသို့ ပစ္စည်းများဖြင့်ပစ်ပေါက်ခြင်း၊ အော်ဟစ်ဆူညံခြင်း စသော အပြုအမူများရှောင်ရှားပြီး ယဉ်ယဉ်ကျေးကျေး အားပေးတတ်ရေးတွက်လည်း ဝိုင်းဝန်းပညာပေးစည်းရုံးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မျိုးဆက်သစ် ဘောလုံးသမားများပေါ်ထွက်လာရေးအတွက် ကျင်းပလျက်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီးဘောလုံးပွဲများအပြင် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် အားကစားအချိန် ထည့်သွင်းသတ်မှတ်ကာ အားကစားပစ္စည်းများဖြည့်ဆည်းပေးပြီး စနစ်တကျ သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ယခင်အချိန်အခါများကဲ့သို့ ကျောင်းသားအားကစားပွဲတော်များ၊ တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ အမျိုးသားအားကစားပွဲတော်များ ခြိမ့်ခြိမ့်သဲသဲ ဆက်တိုက်ပြိုင်ပွဲ ကျင်းပပေးခဲ့ခြင်းကြောင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများလည်း ဆက်တိုက်ဆိုသလို ပေါ်ထွက်လာခဲ့သော သာဓကများ ရှိခဲ့သည့်အတွက် ပြန်လည်ဖော်ထုတ်ကျင်းပပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသအလိုက်ကျေးရွာ/ရပ်ကွက်၊ မြို့နယ်၊ ခရိုင်အဆင့်ဘောလုံးပွဲများကိုလည်း ပြန်လည်ကျင်းပပေးကြရန်လိုအပ်သကဲ့သို့ အားကစားပစ္စည်းများ လွယ်လင့်တကူ ဈေးနှုန်းချိုသာစွာ ဝယ်ယူအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။



**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးဝင်းကြည် စာတမ်း ဖတ်ကြားစဉ်။** (သတင်းစဉ်)

ခေတ်နှင့်အညီ ခေတ်မီပြောင်းလဲတိုးတက်လာသော ဘောလုံးအားကစားနည်းပညာများနှင့် နည်းစနစ်များ၊ ကမ္ဘာ့အဆင့် စည်းမျဉ်းစည်းကမ်း အသိပညာများပြန့်ပွားစေရေးအတွက် လက်ရှိဘောလုံးနည်းပြများနှင့် ဒိုင်လူကြီးများကို နိုင်ငံတကာအဆင့်နှင့်ညီသည့် အသိပညာများ ပြည့်ဝအောင် အရည်အချင်းမြှင့်တင်ပေးနိုင်ရန် သင်တန်းများဖွင့်လှစ်ပြီး အရည်အချင်းမီသော နည်းပြများနှင့် ဒိုင်များအမြောက်အမြား မွေးထုတ်ပေးရန်လည်း လိုအပ်ပါကြောင်း။

ထို့ပြင် အရည်အချင်းပြည့်ဝသော မျိုးဆက်သစ်ဘောလုံးသမားများ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း လက်ရှိအားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)နှင့် မြန်မာဘောလုံးအကယ်ဒမီသာမက ကလပ်အသင်းအသီးသီးမှလည်း ဘောလုံးအကယ်ဒမီများ ဖွင့်လှစ်ပြီး နည်းစနစ်ပိုင်းနှင့် သတ်မှတ်ထားသော ဘောလုံး စည်းမျဉ်း စည်းကမ်းများ လေးစားလိုက်နာတတ်သူများဖြစ်အောင်၊ အနိုင်မခံအရှုံးမပေးသည့် အားကစားစိတ်ဓာတ်ပြည့်ဝလာအောင် လေ့ကျင့်ပေးကြရန် လိုအပ်ပါကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ဘောလုံးခါးဆက်မပြတ်ရလေအောင် ဘောလုံးသမား သက်တမ်းအလိုက် ဘောလုံးအသင်းများကို စနစ်တကျစီမံချက်များရေးဆွဲဖွဲ့စည်းပြီး လေ့ကျင့်ပေးထားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဘောလုံးကလပ်အသင်းများအနေဖြင့် အသင်းပိုင်ရှင်များ၏ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး ငွေကြေးမြောက်မြားစွာ စိုက်ထုတ်သုံးစွဲနေရခြင်းကို တွေ့ရသည့်အတွက် ရေရှည်ဆက်လက်ရပ်တည်နိုင်ရန် နိုင်ငံတော်၏ထောက်ပံ့မှုများ ရရှိရေး၊ အားကစား Sponsor နှင့် အားကစားဈေးကွက်များဖန်တီးပြီး ပုံမှန်ဝင်ငွေရရှိသွားနိုင်ရေးအတွက် စီမံဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပသော ဘောလုံးအားကစားစွမ်းရည် အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသော စာတမ်းရှင်များအနေဖြင့် တစ်ချိန်က ရွှေခေတ်ကို ရောက်ရှိခဲ့သည့် မြန်မာ့ဘောလုံးအားကစားစွမ်းရည် ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်၏ ပါဝင်ပံ့ပိုးမှုကဏ္ဍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်အသင်းများ၏ ကဏ္ဍများအပြင် စာနယ်ဇင်းနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ဘောလုံးအားကစားကျွမ်းကျင်သူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းအကြံပြုချက်များအပေါ် အလေးထားပြီး အမျိုးသားအားကစားဖြစ်သော မြန်မာ့ဘောလုံးစွမ်းရည်အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အမှန်တကယ် လက်တွေ့ကျကျ ဆောင်ရွက်သင့်သည့် အခြေအနေအရပ်ရပ်ကို ဘက်ပေါင်းစုံ ရှုထောင့်မျိုးစုံမှ ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အားကစားကဏ္ဍ အောင်မြင်ရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များစာတမ်းကို ဖတ်ကြားတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ခေတ္တရပ်နားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိ မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် တစ်ချိန်က အာရှအဆင့်အထိ ထိုးဖောက်အောင်မြင်ခဲ့သော မြန်မာ့ဘောလုံးအားကစား ပြန်လည်မြှင့်တင်နိုင်ရေးရည်ရွယ်ပြီး Myanmar National League အဖြစ် Professional ပြောင်းလဲခဲ့ရာမှ ဘောလုံးကလပ်အသင်း (၁၂)သင်းအထိ တိုးတက်နေပြီဖြစ်ကြောင်း။

တစ်နိုင်ငံလုံးရှိ ဘောလုံးအားကစားကျွမ်းကျင်သူများ၊ စာနယ်ဇင်းများ၊ ဘောလုံးအားကစားကို စိတ်ပါဝင်စားကြသူများထံမှ စာတမ်းများ၊ အကြံဉာဏ်များကို သတင်းစာများနှင့် မြန်မာ့ရုပ်မြင်သံကြားတွင် ထည့်သွင်းတောင်းခံခဲ့ရာမှာ စာတမ်းပေါင်း ၉၃ စောင် လက်ခံရရှိခဲ့ပါကြောင်း။

လက်ခံရရှိသော စာတမ်းများအနက်မှ အကြောင်းအရာတူများ စုစည်းပြီး စာတမ်း(၁၆)စောင်ကို ဖတ်ကြားတင်ပြဆွေးနွေးကြမည်ဖြစ်ကြောင်း။

ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် အားတက်သရော တက်ရောက်ဆွေးနွေးကြမည့် စာတမ်းရှင်များနှင့် စိတ်ဝင်တစား ပါဝင်တက်ရောက်ကြသော ဘောလုံးဝါသနာရှင်များ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲမှရရှိသော အကြံဉာဏ်များ၊ နည်းလမ်းများကို သုံးသပ်ဖော်ထုတ်ပြီး မြန်မာ့ဘောလုံးအားကစား ရွှေခေတ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ထိထိရောက်ရောက် နည်းလမ်းဖော်ထုတ်အသုံးချသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်က ဘောလုံးအားကစား စွမ်းရည်မြှင့်တင်ရေးနှင့် ခန္ဓာကိုယ်ကြံ့ခိုင်ရေးစနစ်စာတမ်း၊ လက်ရွေးစင်ကပ္ပတိန်ဟောင်း ဦးသန်းတိုးအောင်က ငွေကြေးထက် ပိုအရေးကြီးသည့် ဘောလုံးအောင်မြင်မှုနှင့် နည်းပြများ၏ လုပ်ပိုင်ခွင့်တိုးမြှင့်ရေးစာတမ်းတို့ကို ဖတ်ကြားကြသည်။

ယင်းနောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက သဘာပတိအဖြစ် ဆောင်ရွက်၍ နံနက်ပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ဦးအောင်မျိုးမင်း (ဒုတိယဝန်ကြီးငြိမ်း)က မြန်မာ့ဘောလုံး အရည်အသွေး တိုးတက်မြင့်မားရေးစာတမ်း၊ ဦးအောင်ကြည် (လက်ထောက် ညွှန်ကြားရေးမှူးငြိမ်း)က "မျိုးဆက်သစ်များ ရှာဖွေပြုစုပျိုးထောင်ရေးနှင့် ကျောင်းပေါင်းစုံပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပရေး" စာတမ်းတို့ကို ဖတ်ကြားကာ နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။



**လက်ရွေးစင် ကပ္ပတိန်ဟောင်း ဦးသန်းတိုးအောင် စာတမ်း ဖတ်ကြားစဉ်။** (သတင်းစဉ်)

ထို့နောက် မွန်းလွဲပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာရဲတင့်လွင်(ညွှန်ကြားရေးမှူး)က **"ဘောလုံးအောင်မြင်ရေးနှင့် ဆေးသုတေသနကဏ္ဍ"** စာတမ်း၊ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုးမိုးကျော်က **"ဘောလုံးအားကစား အောင်မြင်ရေးအတွက် မရှိမဖြစ်အရေးပါ မီဒီယာကဏ္ဍ"** စာတမ်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဦးဇော်လင်း (ဒါရိုက်တာ၊ ကွင်းရုံဌာန)က **"ဘောလုံးပြိုင်ပွဲကွင်း၊ လေ့ကျင့်ကွင်းများ စံချိန်မီရေးနှင့် အရေအတွက် တိုးပွားလာရေး"** စာတမ်း၊ ဦးရဲမျိုးဟိန်း (Sport Time Journal) က **"လက်ရွေးစင်အသင်းအတွက် အဓိကဒေါက်တိုင်ဖြစ်သည့် Pro-league အား ပိုမိုစနစ်တကျ အကောင်အထည်ဖော်ရေး"** စာတမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးဝင်းကြည်က **"ဘောလုံးပွဲများနှင့် ရုပ်သံထုတ်လွှင့်မှု အရေးပါပုံ"** စာတမ်းတို့ကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အထွေထွေဆွေးနွေးမေးမြန်းခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ စာတမ်းရှင်များနှင့် စာတမ်းဖတ်ပွဲတက်ရောက်လာသူများ၏ မေးမြန်းချက်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ပြန်လည်ဖြေကြားကာ မြန်မာ့ဘောလုံးအားကစားစွမ်းရည် တိုးတက်မြင့်မားလာစေရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့အစီအစဉ်များကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၅ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၁၀ | ၂။ | တရားတော် |
| ၇း၁၅ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | ဇာတ်လမ်းတို |
| ၈း၂၂ | ၁၂။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | လျှပ်တစ်ပြက် |
| ၄း၂၅ | ၅။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၀ | ၆။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၄၅ | ၇။ | ရှေးဟောင်းသုတ |
| ၅း၀၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၉။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၀၉)** |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၂။ | **Mail Box** |
| ၆း၃၅ | ၁၃။ | ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၆၆) |
| ၇း၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၁၇)** |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | ဒို့တာဝန်အရေး(၃)ပါး |
| | ၁၈။ | နိုင်ငံတကာသတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ဘိုးဘိုးဘွားဘွားဂီတတံခါး (ကောင်းပြည့်၊ ရီရီပွင့်ဖြူ၊ ခင်လှိုင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)] |
| | ၂၁။ | လျှပ်တစ်ပြက် |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၁)** |
| | ၂၄။ | ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် |

# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ " EVER SUNNY INDUSTRIAL CO., LTD (RICH COFFEEMIX) ၏ ကူညီပံ့ပိုးမှုဖြင့် အောက်တိုဘာ ၂၂ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာထွန်းလွင်(မိုး/ဇလ)(ငြိမ်း)က " ၂၀၁၁ ခုနှစ် မိုးလွန်ရက်ကျန်ကာလအတွက် မိုးလေဝသ အခြေအနေနှင့် ၂၀၁၂ ခုနှစ်အတွက် အလားအလာ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဆင်တဲ အထက အာစရိယပူဇော်မည်

**ဆင်တဲ အောက်တိုဘာ ၁၈**

ပန်းတောင်းမြို့နယ် ဆင်တဲ အ ထ က၏ (၁၃)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးသိန်းလွင် ဖုန်း-၀၅၃-၄၀၁၈၄၊ ဦးဇော်ဝင်း ဖုန်း-၀၅၃-၄၀၁၀၆၊ ဦးမောင်ဌေး ဖုန်း-၀၉-၅၃၁၃၁၁၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ-၂၀၁၁

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ -၂၀၁၁ ကို ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်ထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးမှူးပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်သည်။ အိုင်တီကုမ္ပဏီများ၊ အီလက်ထရွန်နစ်ကုမ္ပဏီများအပါအဝင် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ကုမ္ပဏီပေါင်း ၅၀ က ပြခန်း ၁၀၃ ခန်းတွင် ကွန်ပျူတာနှင့် ဆက်သွယ်ရေးပစ္စည်းအရောင်းဆိုင်များ၊ CD အရောင်းဆိုင်များ၊ အိုင်တီနည်းပညာဆိုင်ရာစာအုပ်ဆိုင်များ ဖွင့်လှစ်ကာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

(ကိုချစ်)

# တောင်သူလယ်သမားများအတွက် ဒုတိယဝင်ငွေဖြစ်သည့် ပေါင်းစည်းလယ်ယာများ အကောင်အထည်ပေါ်အောင် တွန်းအားပေး

# အဓိကရည်မှန်းချက်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဖြစ်သည်ကို မျက်ခြည်မပြတ်ရန်လို

နေပြည်တော် အောက်တိုဘာ ၁၈

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၁၁)အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်များကို အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။**



**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အစည်းအဝေးသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ခရိုင်နှင့် မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ဖွဲ့စည်းထားမှု၊ တစ်ပိုင်တစ်နိုင် စိုက်ခင်း၊ ပေါင်းစည်းလယ်ယာ ဆောင်ရွက်ထားမှု၊ ပညာပေးဆွေးနွေးပွဲ အစုအဖွဲ့၊ မွေးမြူရေးအစုအဖွဲ့နှင့် ငါးကဏ္ဍအစုအဖွဲ့များ စုဖွဲ့မှု၊ ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးမှု၊ စက်ရုံ စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေး ဆောင်ရွက်ထားရှိမှု၊ သစ်တောစိုက်ခင်းများ ပြုစုပျိုးထောင်မှုနှင့် နယ်မြေတည်ငြိမ်ရေးရရှိလာသည့်အခါ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရန် စီမံထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက လယ်ယာစိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုအသင်းအဖွဲ့များ ဖွဲ့စည်းပြီးစီးမှု၊ အဆင့်မြင့် လယ်ယာစံပြကွက်ဖော်ထုတ်ရန် ဆောင်ရွက်ထားမှု၊ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ခင်းများ ပြန်လည်စိုက်ပျိုးပြီးစီးမှု၊ မွေးမြူရေးကဏ္ဍ၊ သမဝါယမကဏ္ဍ၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကို ရှင်းလင်းတင်ပြပြီး ကျေးရွာ ၈၈ ရွာ၌ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စိုက်ခင်း ၁၃၉၈၃ ဧက ထူထောင်ပြီးစီးမှု၊ နိုင်ငံတော်၏ မတည်ရင်းနှီးငွေကို အဓိက အားထားဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်ပျိုးစနစ် အသုံးပြုနေမှု၊ မျိုးသန့်စိုက်ပျိုးရေးဇုန်များ တည်ထောင်ထားရှိမှု၊ တောင်သူများ နည်းပညာရရှိရေးအတွက် အထူးအထွက်တိုးစပါးစိုက်ခင်းများသို့ လေ့လာရေးခရီးစေလွှတ်ခဲ့မှု၊ သီးနှံစံပြကွက်များ ဖော်ထုတ်ပြီးစီးမှု၊ ချေးငွေများထုတ်ပေးပြီးစီးမှု၊ ပေါင်းစည်းလယ်ယာလေးခု ဖော်ထုတ်ပြီးစီးမှု၊ မွေးမြူရေးဇုန် ရှစ်ခု ထူထောင်ထားရှိမှု၊ ရေဘေးသင့်ပြည်သူများအား စောင့်ရှောက်မှုများနှင့် သစ်တောစိုက်ခင်းများ ထူထောင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ချင်းပြည်နယ်၏ ဆင်းရဲမှုရာခိုင်နှုန်းကို ထက်ဝက်ခန့် လျှော့ချသွားနိုင်ရေးစီမံဆောင်ရွက်နေမှု၊ NGO, INGO များမှ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ နွားနောက် ထပ်မံတိုးချဲ့မွေးမြူနိုင်ရေးအတွက် ချေးငွေ ၆၁၉၄ သိန်းလိုအပ်မှု၊ ပုဂ္ဂလိကဘဏ်များ တိုးချဲ့ဖွင့်လှစ်နေမှု၊ စာသင်ကျောင်းများ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ စံ(၅)ရပ်နှင့် ကိုက်ညီသည့် ကျေးလက်စာကြည့်တိုက် ၃၃၇ ခု ဖွင့်လှစ်ပြီးစီးမှု၊ စွမ်းအင်သုံးစွဲမှု ဖွံ့ဖြိုးလာမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အရည်အသွေးကောင်းစပါးများ တိုးချဲ့စိုက်ပျိုးနိုင်မှု၊ နည်းပညာပြန့်ပွားရေး၊ အရင်းအနှီးရရှိရေး၊ ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်း(၃)ရပ်ဖြင့် ဆောင်ရွက်နေမှု၊ မွေးမြူရေးဇုန်များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ အသေးစားကုန်ထုတ်လုပ်ငန်းများအတွက် ချေးငွေပမာဏနှုန်းထားများ သတ်မှတ်ဆောင်ရွက်မှုနှင့် ဇေယျာပဒေသာဖောင်ဒေးရှင်း ဖွဲ့စည်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်က မိုးစပါး စိုက်ပျိုးပြီးစီးမှု၊ ပေါင်းစည်းလယ်ယာ ဖော်ထုတ်ထားရှိမှု၊ မွေးမြူရေးဇုန်များ ဖော်ထုတ်ပြီးစီးမှု၊ ငွေစုငွေချေးလုပ်ငန်းများအတွက် မတည်ငွေရရှိမှု၊ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု၊ ကျေးလက်ရေရရှိမှု၊ ရာနှုန်းပြည့် မီးရရှိသော ကျေးရွာ ၅၄၁ ရွာရှိပြီး (၅၀)ရာခိုင်နှုန်းအောက် မီးရရှိသောကျေးရွာများအား ရာနှုန်းပြည့်ရရှိရေး ဆောင်ရွက်ပေးရန် စီမံထားရှိမှုနှင့် ကျေးလက်အိမ်ရာသစ်တောစိုက်ခင်း တည်ထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဎင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက စပါးမျိုးကောင်းမျိုးသန့်ဖြန့်ဖြူးနိုင်မှု၊ ဓာတ်မြေဩဇာဖြန့်ဖြူးနိုင်မှု၊ ဧက(၅၀) စံပြကွက်များ ထူထောင်နိုင်မှု၊ မွေးမြူရေးအစုအဖွဲ့များ စုဖွဲ့ဆောင်ရွက်နေမှု၊ အသေးစားကုန်ထုတ်လုပ်ငန်းခုနစ်မျိုး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေမှု၊ မီးမရရှိသေးသော ကျေးရွာများမီးရရှိရေး စီမံဆောင်ရွက်နေမှု၊ ချေးငွေကျပ် ၅၇၇၀၀ ဒသမ ၃၅ သန်း ထုတ်ပေးနိုင်မှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအပေါ် ကျေးရွာအုပ်ချုပ်ရေးအပိုင်းမှ ပိုမိုပါဝင်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်မှုနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း အချို့ INGO နှင့် NGO များမှ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ နည်းမှန်လမ်းမှန်ဖြစ်စေရေး စီမံဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက စိုက်ပျိုးစရိတ်ချေးငွေ၊ မွေးမြူရေးချေးငွေများ ထုတ်ပေးနိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနေမှု၊ အထူးကုဆရာဝန်များ လိုအပ်နေမှုနှင့် သစ်တောစိုက်ခင်းများ၊ ထင်းစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အဓိကသီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်နေမှု၊ လယ်ယာအခြေခံ အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီမှ အခမဲ့ဆေးပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု၊ ဆိုလာမီးရရှိရေး ဆောင်ရွက်နေမှုနှင့် တိုင်းဒေသကြီးအတွင်း ရင်းနှီးမတည်ငွေကျပ် ၄ ဒသမ ၆၀၂၈



**ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ဘီလီယံ ထုတ်ချေးပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မုဒုံစိုက်ပျိုးရေးခြံ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အဆင့်မြင့်ဆောင်ရွက်နေမှု၊ အဆင့်မြင့်လယ်ယာဧက ၅၂၀ လျာထားသည့်အနက် ဧက ၂၀၀ ဖော်ထုတ်ပြီးစီးမှု၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှု၊ သစ်ပင်သစ်တောပြန်နံတီးနေရာများတွင် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသထုတ်ကုန်တစ်ရပ်ဖြစ်သည့် ရော်ဘာကို အရည်အသွေးကောင်း ရော်ဘာအဖြစ် အဆင့်မြှင့်တင်ရောင်းချနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က လယ်ယာကုန်ထုတ်လုပ်မှုအစုအဖွဲ့များမှ စိုက်ပျိုးစရိတ်နှင့် မြေဩဇာထောက်ပံ့ပေးမှု၊ ပေါင်းစည်းလယ်ယာဆောင်ရွက်မှု၊ သားငါးထုတ်လုပ်မှုအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု၊ အသေးစားပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီရေတောများ စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဎင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက လယ်ယာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် လေ့ကျင့်ပညာပေးရေး ဆောင်ရွက်ထားရှိမှု၊ အသေးစားပေါင်းစည်းလယ်ယာများ ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသ မီးရရှိရေးအတွက် ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆပ်ကော်မတီ(၈)ရပ်အပြင် ထပ်မံဖွဲ့စည်းထားသည့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေး ဆပ်ကော်မတီမှ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ရှမ်းရိုးမ မွေးမြူရေးဇုန်နှင့် ကျောက်မဲ မွေးမြူရေးဇုန်များတွင် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ တစ်ရွာထုတ်ကုန်တစ်မျိုး လုပ်ငန်းအရ ရှမ်းပြည်နယ်မှ ကျေးရွာထွက်ကုန် ၂၆ မျိုးအား အဆင့်မြှင့်တင်ရောင်းချနိုင်ရေး ဆောင်ရွက်ထားမှုနှင့် အင်းလေးကန်ဒေသ ရေဝေရေလဲ သစ်တောထိန်းသိမ်းရေးအစုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က မိုးစပါးစိုက်ပျိုးရေးနှင့် လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးရောင်းချပေးနိုင်မှု၊ လယ်ယာကုန်ထုတ်အသင်းများ ဖွဲ့စည်းမှုနှင့် ပံ့ပိုးဆောင်ရွက်ပေးမှု၊ မြို့နယ်အလိုက် ဦးဆောင်ကုမ္ပဏီများ၏ ပံ့ပိုးပြီးစီးမှု၊ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်မှုနှင့် ဒီရေတောများ ပြုစုထိန်းသိမ်းမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူလယ်သမားများ တွက်ခြေကိုက်သော ဝင်ငွေရရှိရေးအတွက် ဒေသအုပ်ချုပ်ရေးအဖွဲ့များမှ အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ အကျိုးရှိရှိ အသုံးချနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျေးလက်ဒေသမီးလင်းရေးအတွက် နည်းပညာအကူအညီအပြင် အခြားလိုအပ်သောပံ့ပိုးမှုများကို ဝန်ကြီးဌာနမှ ဝေးလံဒေသများအထိ လိုက်လံဆောင်ရွက်ပေးလိုပါ၍ မိမိတို့ဒေသအလိုက် ဦးစားပေးအစီအစဉ်များကို အကြောင်းကြားပေးစေလိုကြောင်းဖြင့် လည်းကောင်း အကြံပြုတင်ပြ ဆွေးနွေးကြသည်။

## မြှင့်တင်ဆောင်ရွက်

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် အစည်းအဝေးသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်ကြောင်း၊ လိုအပ်သောကော်မတီများ အသီးသီးဖွဲ့စည်းပြီး ဆောင်ရွက်လာခဲ့သည်မှာ လေးလခန့်ရှိပြီ ဖြစ်၍ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများကို အရှိန်အဟုန်မပြတ်မြှင့်တင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျေးရွာအထိကွင်းဆင်း၍ အကောင်အထည်ဖော် ဆောင်ရွက်မှုကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းများသည် အထူးစီမံကိန်းတစ်ရပ်အဖြစ် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်၍ သီးခြားပုံသဏ္ဌာန်အဖြစ် တည်ရှိနေကြောင်း၊ ဝန်ကြီးဌာနလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း ယခုကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို သီးသီးသန့်သန့် ဂရုတစိုက် လုပ်ဆောင်သွားရန်လိုကြောင်း။

လုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးအရင်းအနှီးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သော်လည်း နိုင်ငံတော်ကိုသာ မှီခို၍မနေဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့✤**

✤ စာမျက်နှာ ၄ မှ

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ NGO အဖွဲ့အစည်းများ၊ ဘဏ်များအား ဥပဒေနှင့်အညီ လာရောက်ရင်းနှီးမြှုပ်နှံလာစေရန် ဆွဲဆောင်စည်းရုံးခြင်းဖြင့် လိုအပ်သောအရင်းအနှီးများရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျေးလက်မီးလင်းရေးကဲ့သို့ ဝန်ကြီးဌာနများက ဆောင်ရွက်ပေးနိုင်သည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ၂၀၁၀ ခုနှစ် ဆင်းရဲမှုအညွှန်းကိန်းတိုင်းတာချက်ပါ လုပ်ငန်းများကို အဓိကထား၍ တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်မှုကို ထိုအညွှန်းကိန်းစံနှုန်းများနှင့်အညီ လစဉ် နှစ်စဉ်တိုင်းတာတွက်ချက်ကြရမည်ဖြစ်ကြောင်း။

မိမိဒေသအတွင်းရှိ ကျေးရွာများ၏ တိုးတက်လာမှုကို ရာခိုင်နှုန်းဖြင့် တိတိကျကျဖော်ပြရန်နှင့် စာရင်းဇယားများ ပြည့်စုံစွာပြုစုပေးပို့ကြရန် လိုအပ်ကြောင်း။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပမာအားဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု မည်မျှပေးနိုင်သည်၊ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ မည်မျှဖွင့်လှစ်ပေးနိုင်သည်၊ ရပ်ရွာလူထုအား မည်မျှအကျိုးပြုနိုင်သည်ကို လေ့လာသွားကြရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင်လည်း အသုံးလုံးကျေတတ်မြောက်မှု၊ စာဖတ်ရှိန်မြင့်တင်နိုင်မှုတို့ကို ထိရောက်စွာ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် ကျောင်းများကို ဥပဓိရုပ်ကောင်းမွန်ရန် ဆောင်ရွက်နေရုံဖြင့် မလုံလောက်ကြောင်း၊ သင့်တင့်ကောင်းမွန်သော အဆောက်အအုံတွင် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်စုံစုံ အသုံးချနိုင်အောင် ဖြည့်ဆည်းပေးနိုင်မှသာ ပညာရည်မြင့်မားလာမည်ဖြစ်ကြောင်း၊ ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ဟန်ချက်ညီညီမျှမျှ စဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အလားတူ တောင်သူလယ်သမားများအတွက် ဒုတိယဝင်ငွေဖြစ်သည့် ပေါင်းစည်းလယ်ယာများသည်လည်း စံပြလေ့လာရေးအဖြစ်သာ တည်ထောင်နေခြင်းထက် အိမ်တိုင်းကျေးရွာတိုင်း လုပ်ဆောင်အကောင်အထည်ဖော်သွားနိုင်လောက်သည့် လုပ်ငန်းဖြစ်လာအောင် တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယခုကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသေးစိတ် ဝိုင်းဝန်းဆွေးနွေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အဓိကရည်မှန်းချက်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဖြစ်သည်ကို မျက်ခြည်မပြတ်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

## မယိမ်းမယိုင်စောင့်ရှောက်စို့

✽ ဘိုးဘွားပေးဝေ၊ ရှေးအမွေမို့
ရှည်ကြာကာလ၊ ဆက်ခံကြလျက်
ချိုမြငြိမ့်ညောင်း၊ တေးနွဲ့ပျောင်းနှင့်
စောင်းငြင်းပတ်သာ၊ ပဒ္မာဂီလျှင်
ရင်မှာနှစ်သက်၊ စဉ်စွဲမက်ဖို့
ဆက်ကာထိန်းသိမ်း ဘယ်မယိမ်းခဲ့။

✽ စိနရဌ၊ တိုင်းဌာနသို့
ရှေးကပင်လျှင်၊ သွားရောက်စဉ်၌
စီစဉ်ကျနှ၊ ခမ်းနားလှသည့်
ဆိုကထံတျာ၊ တူရိယာနှင့်
လင်္ကာတေးသွား၊ သီချင်းများဖြင့်
တိုင်းခြားရပ်မြေ၊ သို့ဖျော်ဖြေခဲ့။

✽ စာပေဂီတ၊ သုခုမဟု
အစရှိစွာ၊ အနုပညာကား
မြန်မာတို့လျှင်၊ သမိုင်းစဉ်၏
ယဉ်ကျေးမှုနယ်၊ အဝန်းကျယ်တွင်
ဤနယ်ကြွယ်ဝ၊ ခံ့ထည်လှဟု
ညွှန်းပြစရာ၊ ဂုဏ်မဟာမို့
လင်္ကာတေးလှ၊ အဆိုအကနှင့်
ရသစုံထွေ၊ ရှေးအမွေကို
တို့တွေ ထိန်းသိမ်း၊ ဘယ်မတိမ်းဘဲ
မယိမ်းမယိုင် စောင့်ရှောက်စို့။

မောင်စိမ်းနောင်(လယ်ဝေး)

# "လူငယ့်စွမ်းအား" ပြဇာတ်ပြိုင်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၈

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "လူငယ့်စွမ်းအား" ပြဇာတ်ပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်သည်။**

ပြဇာတ်ပြိုင်ပွဲသို့ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုရွှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ မြန်မာ့ဇာတ်သဘင်ကို မြတ်နိုးလေးစားတန်ဖိုးထားကြသော ဧည့်ပရိသတ်များ ကြည့်ရှုအားပေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုပြဇာတ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ပန်တျာ ဦးမြကြည်၊ ဒါရိုက်တာ ဦးလှိုင်ဘွားအောင်၊ ဇာတ်ညွှန်း နွယ်ဂျာသိုင်း၊ ခေါင်းဆောင်မင်းသား ဦးလှိုင်ဘွားအောင် (ခ) ရဲထွဋ်၊ ခေါင်းဆောင်မင်းသမီး ဒေါ်ဝိုင်းဝိုင်းလည် (ခ) ခင်ငြိမ်းချမ်းနှင့် ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များက ဂီတမှူး(ရန်ကုန်) သက်ဝေနှင့် တွဲဖက်၍ ဤလောက၌ လူဖြစ်လာရခြင်းသည် လောကကို မိမိအတွက် အသုံးချရန်မဟုတ်ဘဲ မိမိတို့၏ အစွမ်းအစများကိုသာ လောကအတွက် အသုံးချရန်နှင့် လူငယ်လူရွယ်များကို မှန်ကန်သည့် စိတ်ဓာတ်ခွန်အားများဖြင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်ရန်ရည်ရွယ်၍ ကျောက်ခေတ်မျိုးဆက်သစ်ပြဟန်၊ ရွာသူရွာသားများက စာကြည့်တိုက်၏ကျေးဇူးများ ပြောခန်းအပါအဝင် ပြကွက်(၂၃)ခုဖြင့် "လူငယ့်စွမ်းအား" ပြဇာတ်ကို အနုပညာရသ ပြောင်မြောက်စွာဖြင့် တက်ညီလက်ညီ ယှဉ်ပြိုင်တင်ဆက်ကြသည်။

(သတင်းစဉ်)



(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ "လူငယ့်စွမ်းအား" ပြဇာတ်ပြိုင်ပွဲ၌ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

ရက်စွဲ၊ ၁၉-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

| စဉ် | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|
| ၅ | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အက<br>အက | အခြေခံပညာအသက် (၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) (အမျိုးသမီး)<br>အခြေခံပညာအသက် (၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | | ဇာတ်တော်ကြီး | မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း(ရန်ကုန်တိုင်းဒေသကြီး) | ညပိုင်း ၁၉း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို၊ မဟာဂီတ<br>အဆို၊ မဟာဂီတ | အခြေခံပညာအသက် (၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း) (အမျိုးသား)<br>ဝါသနာရှင် (ပထမတန်း) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး (ဆိုင်းတစ်ဦးချင်း)<br>အတီး (ဆိုင်းတစ်ဦးချင်း)<br>အတီး (ဆိုင်းတစ်ဦးချင်း) | အခြေခံပညာအသက် (၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) (အမျိုးသမီး)<br>အခြေခံပညာအသက် (၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) (အမျိုးသမီး)<br>ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အဆို၊ ကာလပေါ်<br>အဆို၊ ကာလပေါ် | ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသား)<br>အဆင့်မြင့်ပညာ(အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ) | အတီး (နှဲ)<br>အတီး (နှဲ)<br>အတီး(နှဲ) | ဝါသနာရှင်(ဒုတိယတန်း)<br>အဆင့်မြင့်ပညာ<br>ဝါသနာရှင်(ပထမတန်း) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ)(၁) | အတီး (စောင်း)<br>အတီး (စောင်း)<br>အတီး (စောင်း) | အခြေခံပညာအသက် (၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း) (အမျိုးသား)(အမျိုးသမီး)<br>အခြေခံပညာအသက် (၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) (အမျိုးသမီး)<br>ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ)(၂) | အရေး (သီချင်းပြိုင်ပွဲ) | ဝါသနာရှင်(ပထမတန်း) (အမျိုးသား) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀ |
| | သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး (စန္ဒရား)<br>အတီး (စန္ဒရား) | အခြေခံပညာအသက် (၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း)(အမျိုးသမီး)<br>ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ) | ကွက်စိပ် | ဝါသနာရှင်(ဒုတိယတန်း) | နံနက်ပိုင်း ၀၉း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး (ပတ္တလား)<br>အတီး (ပတ္တလား) | အခြေခံပညာအသက် (၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း) (အမျိုးသမီး)<br>ဝါသနာရှင် (ပထမတန်း) (အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | | ပြဇာတ် | လူငယ့်စွမ်းအားပြဇာတ် (မွန်ပြည်နယ်) | ညပိုင်း ၁၉း၀၀ |

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၁၈

**ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် ၂ ဒသမ ၉၆ လက်မ၊ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ မော်လိုက်မြို့တွင် ၃ ဒသမ ၅၈ လက်မ၊ တောင်ငူ(လေကြောင်း)နှင့် ကျိုက္ကမီမြို့တို့တွင် ၂ ဒသမ ၈၇ လက်မစီနှင့် တောင်တွင်းကြီးမြို့တွင် ၂ ဒသမ ၄၀ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၇၇ ဦးတက်ရောက်၊ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၈

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၇)ဦးတို့ တက်ရောက်ကြသည်။**

ယနေ့အစည်းအဝေး၌ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြရာ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၏ **မြန်မာ့ရုပ်ရှင်အဆင့်အတန်း၊ အရည်အသွေးတိုးတက်ကောင်းမွန်ခြင်းမရှိမှု၊ ဗီဒီယိုဇာတ်ကားအရေအတွက်များပြားပြီး အရည်အချင်းရှိပညာပေးကားများ နည်းပါးနေမှု၊ ဗီဒီယိုဇာတ်ကား၊ ဗွီစီဒီသီချင်းခိုးကူးခွေများကို ထိရောက်စွာမဆောင်ရွက်နိုင်မှု၊ ဗီဒီယိုဇာတ်လမ်းတွဲများသည် မိမိနိုင်ငံ၏ယဉ်ကျေးမှုကိုအလျင်အမြန် ကူးစက်လွှမ်းမိုးလာပြီး မိမိနိုင်ငံနှင့် ဖီလာဆန့်ကျင်သည့် လူမှုစရိုက်များကူးပြောင်းခြင်းကြောင့် မြန်မာ့ယဉ်ကျေးမှုအား ထိခိုက်ခံနေရမှုတို့ကိုသိရှိခြင်း ရှိ/မရှိနှင့် ယဉ်ကျေးမှုထိခိုက်စေသည့်ဇာတ်လမ်းကဲ့သို့ ဇာတ်လမ်းတွဲများနှင့်ပတ်သက်၍ မည်ကဲ့သို့ကာကွယ်တားဆီးရန် ပြင်ဆင်ထားသည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဖြစ်ပေါ်နေသည့်ရုပ်ရှင်လောက အခြေအနေနှင့် အနာဂတ်အလားအလာများကို ဝေဖန်သုံးသပ်ပြီး ၂၀၀၂ ခုနှစ်မှစ၍ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံချက်များရေးဆွဲပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်လောကသားများနှင့် ထိတွေ့၊ ဆွေးနွေး၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မီဒီယာများတွင်လည်း ထိုအကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ရေးသားဖော်ပြခဲ့ကြပါကြောင်း၊ ထို့ပြင် အကယ်ဒမီဆုပေးပွဲတိုင်းတွင်လည်း ရုပ်ရှင်ဗီဒီယိုလောက၏ လက်ရှိအခြေအနေ၊ ရုပ်ရှင်ဗီဒီယိုလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည့်ရည်ရွယ်ချက် (၅)ရပ်၊ လုပ်ငန်းစဉ်(၁၂)ရပ်တို့ကို အမြဲထည့်သွင်းမှာကြားတိုက်တွန်းခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း ယင်းသို့ ဆောင်ရွက်နေမှုများကို အများစုကသိနေကြခြင်းဖြစ်ပါကြောင်း။

ဗီဒီယိုလောကဆိုသည်မှာ တစ်ချိန်ကကြုံတွေ့ခဲ့ရသည့် ရုပ်ရှင်ဖလင်ရိုင်းများ ဝယ်ယူရန် ခက်ခဲမှုမှ ပေါ်ပေါက်လာသော ဖျော်ဖြေရေးကဏ္ဍသာ ဖြစ်ပါကြောင်း၊ ဗီဒီယိုဇာတ်ကားများကို ရိုက်ကူးနေသူများသည်လည်း ရုပ်ရှင်လောကသားများပင် ဖြစ်ပါကြောင်း၊ နိုင်ငံတကာသို့ ထိုးဖောက်မည်ဆိုပါက ရုပ်ရှင်ဇာတ်ကားကြီးများဖြင့်သာ ထိုးဖောက်ရပါကြောင်း၊ နာမည်ကြီးရုပ်ရှင်ဇာတ်ကားများကို ဗွီစီဒီ၊ ဒီဗွီဒီ အခွေများအဖြစ် တရားဝင်ကူးယူဖြန့်ချိခြင်းများရှိပါကြောင်း၊ သီးခြားဗီဒီယိုကားများရိုက်ကူးပြီး ဗီဒီယိုသက်သက်ပြသခြင်း၊ ဈေးကွက်တင်ခြင်းများမရှိပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်သွားမည်ဆိုပါက ယင်း၏ အခက်အလက်တစ်ခုဖြစ်သည့် ဗီဒီယိုဇာတ်ကားများ၏အရည်အသွေးသည်လည်း တစ်နွယ်ငင်တစ်စင်ပါ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် ရုပ်ရှင်လောကကို ဈေးကွက်အရလည်းကောင်း၊ နည်းပညာအရလည်းကောင်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

**ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရာတွင် စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုတွင် ပါဝင်နေသည့် ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်ညွှန်း၊ တည်းဖြတ်စသည့်ပညာရှင်များ၏ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်ရုံများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ပြည်ပသို့ထိုးဖောက်ပြသပြီး ဈေးကွက်ရရှိစေရေး ရည်မှန်းချက်ထားကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုပ်ရှင်နှင့်ပတ်သက်သည့် စက်မှုနည်းပညာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းအနေဖြင့် ယူရို(၁ ဒသမ ၅)သန်းကျော် တန်ဖိုးရှိသည့် ကင်မရာ၊ အသံကူးပြောင်းစက်၊ အရောင်ခွဲစက်နှင့် ကားကူး ကားဆေး စက်များကို ဝယ်ယူခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် နောက်ထပ် ယူရို(၄ ဒသမ ၅)သိန်းဖိုး ထပ်မံဝယ်ယူဖြည့်တင်းရန် စီစဉ်ထားရှိပါကြောင်း၊ ထို့ကြောင့် အဆင့်အတန်းမီသည့် ဇာတ်ကားကောင်းတစ်ကားရိုက်ကူးနိုင်ရန်အတွက် လိုအပ်သည့်အခြေခံစက်ပစ္စည်းများကို နိုင်ငံတော်ကဝယ်ယူဖြည့်တင်းပေးထားပြီး ဖြစ်ပါကြောင်း၊ ယင်းစက်ပစ္စည်းများကို ထိထိရောက်ရောက် အသုံးချနိုင်ရန်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းများကို ပြည်တွင်း၊ ပြည်ပသင်တန်းများတွင် လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းရုပ်ရှင်ထုတ်လုပ်သူများအနေဖြင့် ခေတ်မီစက်ပစ္စည်းများကို အသုံးပြုပြီး ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်နိုင်ခွင့်ရှိနေပြီဖြစ်ပါကြောင်း။**

ရုပ်ရှင်ရုံများအရည်အသွေးမြှင့်တင်ရေးနှင့်ပတ်သက်၍ ရုပ်ရှင်ကြည့်ပရိသတ်များအား ဆွဲဆောင်နိုင်ရန်နှင့် တိုးတက်ပြောင်းလဲနေသည့် ပြသရေးစနစ်များ၊ ရုံတည်ဆောက်မှုနည်းပညာများကို အသုံးပြုနိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယင်းသို့ လုပ်ဆောင်ရာတွင် လက်ရှိရုပ်ရှင်ရုံများတွင် ရုပ်ပုံနှင့် အရည်အသွေးကြည်လင်ပြတ်သားစေရန်အတွက် ခေတ်မီရုပ်ရှင်ပြစက်များ လဲလှယ်တပ်ဆင်ခြင်း၊ အသံပိုင်းဆိုင်ရာစနစ်များ ခေတ်မီအောင်ပြုပြင်တပ်ဆင်ခြင်း၊ ရုံတွင်းရုံပြင် အပြင်အဆင်များ၊ အလင်းအမှောင်များ ကောင်းမွန်အောင် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထို့ပြင် အသစ်ဆောက်လုပ်သည့် Shopping Mall များတွင် နိုင်ငံတကာစံချိန်မီသည့် ရုပ်ရှင်ရုံငယ်များကို ထည့်သွင်းတည်ဆောက်ရန် တိုက်တွန်းအားပေးခဲ့သည့်အတွက် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များ၌ ရုပ်ရှင်ရုံများ ပေါ်ပေါက်နေပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့များတွင်ပါ တိုးချဲ့လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ရုပ်ရှင်ရုံများခေတ်မီတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ပရိသတ်အားပိုမိုဆွဲဆောင်နိုင်ပြီး ထုတ်လုပ်သူများအတွက်လည်း အကျိုးအမြတ်ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အကျိုးအမြတ်ရရှိမည်ဆိုပါက ထုတ်လုပ်သူများအား အရည်အသွေးမြင့်မားသည့်ဇာတ်ကားများကို ထုတ်လုပ်လာရန်အတွက် ဆွဲဆောင်နိုင်မည်ဖြစ်ပါကြောင်း။

**မြန်မာရုပ်ရှင်ဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့ရုပ်ရှင်အစည်းအရုံးတို့ပူးပေါင်းပြီး နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှ ၂၀၀၂ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဩဂုတ်အထိ နိုင်ငံတကာရုပ်ရှင်ပွဲတော်(၈)ခုတွင် မြန်မာဇာတ်ကား(၂၄)ကား ဝင်ရောက်ပြသနိုင်ခဲ့ပါကြောင်း၊ ယင်းသို့ပြသနိုင်ခဲ့သည့်အတွက် နိုင်ငံတကာပရိသတ်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သဘာဝအလှအပများကိုတွေ့မြင်ပြီး မြန်မာနိုင်ငံ၏ ပြည်သူများအပေါ် စိတ်ဝင်စားမှုတိုးတက်အောင်လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာရုပ်ရှင်ဇာတ်ကားများကို ပြည်ပသို့ သွားရောက်ပြသနိုင်ရန် ကူညီပံ့ပိုးဆောင်ရွက်ပေးသည့်အတွက် ယခုအခါ မြန်မာရုပ်ရှင်ဇာတ်ကားများကို အရှေ့တောင်အာရှနိုင်ငံများ၌ ပြသနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ပြင် တရုတ်၊ ကိုရီးယားနိုင်ငံတို့နှင့်လည်း ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ ပူးတွဲထုတ်လုပ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။**

ရုပ်ရှင်အတတ်ပညာဆိုင်ရာများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် ရုပ်ရှင်သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ရုပ်ရှင်အစည်းအရုံးအနေဖြင့်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်ပညာနှီးနှောဖလှယ်ပွဲများ တက်ရောက်နိုင်အောင် ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိပါကြောင်း။

အထက်တွင်တင်ပြခဲ့မှုများသည် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့်ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးဖော်ဆောင်ပေးထားမှုများပင် ဖြစ်ပါကြောင်း၊ သို့ရာတွင် ယင်းသို့ ဖန်တီးပေးထားရုံနှင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာမည်မဟုတ်ပါကြောင်း၊ ထိုသို့ဖန်တီးပေးထားသည့်အခြေအနေများပေါ်တွင် ရုပ်ရှင်လောကသားများ ကိုယ်တိုင်က အသုံးချပြီး လုပ်ဆောင်ရန်လည်းလိုအပ်ပါကြောင်း၊ လက်တွေ့အခြေအနေတွင် ရုပ်ရှင်လောကသားအများစုသည် သရုပ်ဆောင်၊ ရိုက်ကူး၊ တည်းဖြတ်၊ ဇာတ်ညွှန်းစသည့်ပညာရပ်များတွင် အတွေ့အကြုံမှရရှိလာသည့် ပညာများကိုသာ အသုံးချနေပြီး နိုင်ငံတကာတွင်ပြောင်းလဲနေသည့်ပညာရပ်များကို လေ့လာဆည်းပူးအသုံးချနေမှုများ အားနည်းနေသည်ကိုတွေ့ရှိရပါကြောင်း၊ ထိုအချက်သည်လည်း မြန်မာ့ရုပ်ရှင်ဇာတ်ကားများအရည်အသွေးမြင့်မားစေရန်အတွက် လိုအပ်ချက်တစ်ခုဖြစ်နေပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ အရည်အသွေးမြင့်မားရေးတွင် ကြုံတွေ့နေရသည့် အတားအဆီးတစ်ခုမှာ ရိုက်ကူးထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်မားနေခြင်းပင်ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် ရုပ်ရှင် ဇာတ်ကားတစ်ကား ထုတ်လုပ်မှုကုန်ကျစရိတ်သည် ကျပ်သိန်း(၈၀၀)မှ ကျပ်သိန်း(၁၂၀၀)အထိရှိပြီး ထိုအထဲတွင် အဓိကကုန်ကျစရိတ်သုံးမျိုး ပါဝင်နေပါကြောင်း။

ပထမတစ်မျိုးမှာ အသုံးပြုရသည့် ဖလင်အမျိုးမျိုးနှင့် ကုန်ကျစရိတ်ဖြစ်ပါကြောင်း၊ ဒုတိယကုန်ကျစရိတ်မှာ ဝတ္ထုဇာတ်ညွှန်း၊ ဒါရိုက်တာ၊ တေးသီချင်းနှင့် သရုပ်ဆောင်များအတွက် ကုန်ကျစရိတ်ပင်ဖြစ်ပါကြောင်း၊ တတိယကုန်ကျစရိတ်တွင် ရိုက်ကူးစဉ်ကာလနေထိုင် သွားလာစားသောက်စရိတ်နှင့် ဇာတ်ဝင် အခမ်းအနားများ တည်ဆောက်ရသည့် ကုန်ကျစရိတ်ဖြစ်ပါကြောင်း၊ ဇာတ်ကားတစ်ကား ကောင်းရန်အတွက်ဆိုလျှင် ရုပ်ရှင်အတတ်ပညာ၊ စက်မှုအတတ်ပညာပိုင်းတွင်သာမက ကုန်ကျစရိတ်များကိုပါ လုံလုံလောက်လောက်သုံးစွဲနိုင်ရန်လိုအပ်ပါကြောင်း၊ ဥပမာအားဖြင့် Negative film အတွက် ကုန်ကျစရိတ်ကို လျှော့နိုင်ရန်အတွက် ဖလင်ကို ချွေတာလိုက်မည်ဆိုပါက သရုပ်ဆောင်များ၏ ဇာတ်ဝင်ခန်းအရ သရုပ်ဆောင်များကို ဒါရိုက်တာစိတ်ကြိုက် ရိုက်ယူနိုင်ခြင်းမရှိသည့်အတွက် အနုပညာအရ တင်ဆက်မှုအရည်အသွေးကျဆင်းသွားမည် ဖြစ်ပါကြောင်း၊ အလားတူဇာတ်ဝင်ခန်းအရ လိုအပ်သည့် ဇာတ်ဝင်အခမ်းအနားကို တည်ဆောက် ရိုက်ကူးခြင်းမပြုနိုင်ပါကလည်း ဇာတ်လမ်း၏ဆွဲဆောင်နိုင်မှု၊ သဘာဝကျမှုများ အားနည်းသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဇာတ်လမ်း၊ ဇာတ်ညွှန်းများအတွက် ကုန်ကျစရိတ်ကိုချွေတာသည့်အနေဖြင့် ခွင့်ပြုချက်မရှိဘဲ အသုံးပြုမိလျှင်လည်း မူပိုင်ခွင့်ဆိုင်ရာပြဿနာများ ဖြစ်နိုင်ပါကြောင်း၊ ရုပ်ရှင်ထုတ်လုပ်သူများဘက်က ကြည့်မည်ဆိုလျှင်လည်း ရုပ်ရှင်ဇာတ်ကားတစ်ကားအတွက် ကုန်ကျစရိတ်များပြားလာသည် နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုပြန်ရရန်၊ နောက်တစ်ကြိမ်ရိုက်ကူးနိုင်ရေးအတွက် လုံလောက်သည့် အမြတ်ရရှိရန်အတွက် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့အခြေအနေမျိုးတွင် ထုတ်လုပ်သူများဘက်ကလည်း ဈေးကွက်၏တောင်းဆိုမှု၊ ပရိသတ်၏လိုအပ်ချက်များကို မဖြစ်မနေထည့်သွင်းစဉ်းစားလုပ်ဆောင်ရတော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အနုပညာအရ အရည်အသွေးမြင့်မားသည့် ဇာတ်ကားကောင်းများထုတ်လုပ်နိုင်ရန်အတွက် ပရိသတ်များ ကိုယ်တိုင်က ယင်းဇာတ်ကားမျိုးများကို အားပေးရန်လည်း လိုအပ်ပါကြောင်း။



မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက် မေးမြန်းစဉ်။

(သတင်းစဉ်)

အခြားရင်ဆိုင်နေရသည့် အခက်အခဲမှာ ဖျော်ဖြေရေးကဏ္ဍကြီးမားကျယ်ပြန့်လာခြင်းပင် ဖြစ်ပါကြောင်း၊ ၁၉၈၀ ပြည့်လွန်နှစ်များအထိ မြန်မာ့ရုပ်ရှင်လောကသည် နိုင်ငံတော်ကတရားဝင်တင်သွင်းလာသည့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများနှင့်သာ ယှဉ်ပြိုင်ခဲ့ရပါကြောင်း၊ ယနေ့ကာလတွင်တိုးတက်လာသည့် သတင်းအချက်အလက်နည်းပညာများကြောင့် နိုင်ငံတကာရုပ်ရှင်ဇာတ်လမ်းများကို ဗွီစီဒီ၊ ဒီဗွီဒီများအဖြစ်လည်းကောင်း၊ အင်တာနက်မှတစ်ဆင့် လည်းကောင်း၊ ဂြိုဟ်တုစလောင်းများမှ လည်းကောင်း ရရှိနိုင်သကဲ့သို့ ပြည်သူများအနေဖြင့် ရုပ်ရှင်အပြင်အခြားဖျော်ဖြေရေးမီဒီယာပေါင်းစုံကို လက်လှမ်းမီ အလွယ်တကူရရှိနိုင်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်ရုံတွင် ရုပ်ရှင်လာရောက်ကြည့်ရှုသူ အရေအတွက်သည် နယ်မြို့များတွင်ကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နယ်မြို့များအထိ ခေတ်မီရုပ်ရှင်ရုံငယ်များတည်ဆောက်ပြီး ရုပ်ရှင်ဈေးကွက်ချဲ့ထွင်နိုင်အောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပါကြောင်း။

**မြန်မာ့ရုပ်ရှင်လောက အရည်အသွေးမြင့်မားစေရေး၊ မြန်မာ့ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများသည် အခြားနိုင်ငံများမှာကဲ့သို့ Industry တစ်ခုအဆင့်အထိ ရောက်လာရေးတို့ကို ရုပ်ရှင်လောကသားများက အလိုလားဆုံးပင်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနကလည်း အမျိုးသားရေးရည်မှန်းချက်အဖြစ် သဘောထားပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် အထက်တွင်ဆွေးနွေးခဲ့သည့် အခြေအနေအကျဉ်းချုပ်ကို ကြည့်မည်ဆိုပါက မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရန်၊ ရုပ်ရှင်များ၏ အဆင့်အတန်း အရည်အသွေးမြင့်မားရန်အတွက် အကြောင်းအချက်တစ်ခုတည်း မဟုတ်ဘဲ အကြောင်းအချက်များစွာအား ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ကြောင်းကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နောက်ထပ် ဦးခင်မောင်ရည် မေးမြန်းသည့်အချက်မှာ ဗီဒီယိုဇာတ်လမ်းတွဲများကိစ္စဖြစ်ပါကြောင်း၊ မိမိတို့မီဒီယာလောကတွင် ရုပ်မြင်သံကြားဇာတ်လမ်းတွဲဟု သုံးနှုန်းခြင်းသာရှိပါကြောင်း၊ ဗီဒီယိုဇာတ်လမ်းတွဲဆိုသည်မှာ မရှိပါကြောင်း၊ မြဝတီ၊ Family Entertainment, Sky Net စသည့် ရုပ်မြင်သံကြားအစီအစဉ်များတွင် ထုတ်လွှင့်နေသည့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများကို ဆိုလိုခြင်းဟု ယူဆပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများသာမဟုတ်ဘဲ မြန်မာနိုင်ငံအတွင်းမှထုတ်လုပ်သည့် ရုပ်ရှင်ကားများ၊ ဗီဒီယိုဇာတ်လမ်းများ၊ ပြည်ပမှတရားဝင်တင်သွင်းလာသည့် ရုပ်ရှင်ဇာတ်ကားများ၊ ဗီဒီယိုအခွေများကိုပါ ဆင်ဆာအဖွဲ့နှင့် စစ်ဆေးလျက်ရှိပါကြောင်း။**



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

ယင်းသို့စစ်ဆေးရာတွင် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက်လည်းကောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် လည်းကောင်း မလိုလားအပ်သည့်ပြောဆိုမှု၊ သရုပ်ဆောင်မှု၊ ဝတ်စားဆင်ယင်မှုများ မပါရှိရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များအနေဖြင့် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့ကို ထိခိုက်စေမည့် အချက်များမပါအောင် စစ်ဆေးရာတွင် လိုက်နာရမည့်အချက်များကိုလည်း အတိအကျ သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့များအနေဖြင့် အထက်ပါသတ်မှတ်ချက်များအတိုင်း စိစစ်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာတွင် ရုပ်ရှင်ကားများကို ယင်းကဲ့သို့ စိစစ်လေ့ရှိသည်ကိုလည်းတွေ့ရှိရပါကြောင်း၊ အမေရိကန်နိုင်ငံ၌ပင် Motion Picture Association of America, MPAA က ရုပ်ရှင်ဇာတ်ကားများကို ကလေးသူငယ်များကြည့်ရှုရန်သင့်၊ မသင့်ကို G , PG , PG 13, R, NC 17 စသည်ဖြင့် ခွဲခြားသတ်မှတ်ပေးလျက်ရှိပါကြောင်း။

**ထို့ပြင် မိမိတို့နိုင်ငံတွင် အချို့က နိုင်ငံတကာကျင့်ထုံးများကို လေ့လာခြင်းမပြုဘဲ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့များမထားရန် ပြောဆိုနေခြင်းများလည်းရှိနေပါကြောင်း၊ ထို့ကြောင့် မိမိတို့ဘက်ကလည်း အထက်တွင်ဖော်ပြခဲ့သည့် နိုင်ငံတကာတွင်ကျင့်သုံးလုပ်ဆောင်နေမှုများနှင့်မိမိတို့နိုင်ငံတွင်လည်း အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးအတွက် လည်းကောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် လည်းကောင်း စိစစ်ကြပ်မတ်မှုများရှိနေရန် လိုအပ်သည်ကို ရှင်းလင်းပြောကြားနေရပါကြောင်း၊ ယခုလို အချိန်တွင် ဦးခင်မောင်ရည်အနေဖြင့် ရုပ်သံဇာတ်လမ်းတွဲများကြောင့် မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်ခံနေရခြင်းမှ ကာကွယ်ရန် တိုက်တွန်းမေးမြန်းလာသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အထက်တွင် ဖော်ပြခဲ့သည့် ကာကွယ်နိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်းများချမှတ်ထားပြီးဖြစ်သည့်အတိုင်း တိကျစွာ အကောင်အထည်ဖော်သွားမည်ဖြစ်သည်ဟု ဖြေကြားလိုပါကြောင်း။**

**နောက်ထပ်မေးထားသည့်မေးခွန်းမှာ ဗီဒီယိုခိုးကူးခွေများကိစ္စပင် ဖြစ်ပါကြောင်း၊ ထိုကိစ္စသည် ဗီဒီယိုလောကကိုသာမက ဂီတလောကကိုပါ ထိခိုက်စေသည့်ကိစ္စဖြစ်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့သာမက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံးတို့ကပါ အလေးထားနှိမ်နင်းနေသည့်ကိစ္စဖြစ်ပါကြောင်း၊ ယင်းသို့နှိမ်နင်းသည့်အတွက် ၂၀၁၁ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာအထိ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေကိုဖောက်ဖျက်ကျူးလွန်သည့် အမှုပေါင်း(၈၁)မှုကို ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ထိုအမှုများမှာ ခိုးကူးခွေမြန်မာဗီဒီယိုဇာတ်ကား (၃၁၇၄)ချပ်၊ မြန်မာကာရာအိုကေ (၇၂၉၄)ချပ်၊ နိုင်ငံခြားဇာတ်လမ်းခွေ (၁၇၉၂၃)ချပ်၊ ညစ်ညမ်းခွေ (၂၆၁၅)ချပ် စုစုပေါင်း(၃၁၁၀၆)ချပ်နှင့် ခိုးကူးစက်(၁၃)လုံးကို ဖမ်းဆီးရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ဗီဒီယိုခိုးကူးခွေများရှိနေခြင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လျစ်လျူရှုမထားဘဲ ထိထိရောက်ရောက်အရေးယူလျက်ရှိသည်ကို တွေ့နိုင်ပါကြောင်း၊ သို့သော် ခိုးကူးခွေများလုံးဝပျောက်ရန် နိုင်ငံတော်အား တစ်ခုတည်းနှင့် မဖြစ်နိုင်ပါကြောင်း၊ ပြည်သူလူထုကိုယ်တိုင်က ခိုးကူးခွေများကို အားမပေးဘဲ တရားဝင်အခွေများကိုသာ အားပေးရန်လိုအပ်ပါကြောင်း၊ ဈေးကွက်သဘော သဘာဝအရ စားသုံးသူ၊ ဝယ်သူရှိနေသရွေ့ နည်းမျိုးစုံဖြင့် ခိုးကူးခွေထုတ်လုပ်မှုက ရှိနေမည်ဖြစ်ပါကြောင်း၊**

စာမျက်နှာ ၇ ကော်လံ ၁ သို့

(19-10)06.pmd 1 10/19/2011, 4:01 AM

❐စာမျက်နှာ ၆ မှ
ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအစည်းအရုံးများနှင့် ညှိနှိုင်းပြီး ပညာပေးရေးအစီအစဉ်များလည်း လုပ်ဆောင်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက စွမ်းအင်ကဏ္ဍဆိုင်ရာမေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **စက်ရုံများ၊ ဘိလပ်မြေစက်ရုံများ (ပုဂ္ဂလိက+အစိုးရ)များသို့ လောင်စာဖြစ်သည့် သဘာဝဓာတ်ငွေ့များပေးရန် အစီအစဉ်ရှိ/မရှိ ကုန်းတွင်းသဘာဝဓာတ်ငွေ့သာမကဘဲ ကမ်းလွန်သဘာဝဓာတ်ငွေ့များကို ပြည်ပသို့ရောင်းချမည့်အစား ပြည်တွင်းကိုဦးစားပေး ရောင်းပေးရန် အစီအစဉ်ရှိ/မရှိ၊ အမှန်တကယ်လိုအပ်သော ပုဂ္ဂလိကဘိလပ်မြေစက်ရုံများအတွက် ဘဏ္ဍာ/အခွန်/လုပ်ထုံးလုပ်နည်း/ရင်းနှီးမြှုပ်နှံမှုကိစ္စများ လျှော့ပေါ့ပေးနိုင်ခြင်း ရှိ/မရှိနှင့် လိုအပ်သော ငွေကြေးဆိုင်ရာကိစ္စရပ်များ၌ နိုင်ငံတော်ကမည်သို့ကူညီပေးနိုင်မည်၊ ထုတ်ကုန်ပစ္စည်းများကို ကာကွယ်ပေးမှုနှင့်ငွေကြေးချေးငှားထောက်ပံ့မှု နည်းလမ်းညွှန်ကြားချက်များဖြေလျှော့မှုကို မည်သည့်အဆင့်အထိ လျှော့ပေါ့ပေးနိုင်မည်နှင့် အထူးငွေကြေးချေးငှားပေးနိုင်မှုနှင့် အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို အဆင့်လိုက်သင့်တင့်လျောက်ပတ်စွာ ဖြေလျှော့နိုင်မှု မည်မျှထိ ဆောင်ရွက်ပေးနိုင်မည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကုန်းတွင်းနှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့များကို နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့သုံးစက်ရုံ၊ အလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ လတ်တလောအခြေအနေတွင် ပြည်တွင်းသဘာဝဓာတ်ငွေ့ တစ်ရက်လိုအပ်ချက် ပမာဏမှာ (၅၇၂)ကုဗပေသန်းခန့်ရှိပြီး စွမ်းအင်ဝန်ကြီးဌာနက သဘာဝဓာတ်ငွေ့တစ်ရက်လျှင် (၂၄၀)ကုဗပေသန်းခန့်သာ ဖြန့်ဖြူးပေးနိုင်သဖြင့် လိုအပ်ချက်၏(၄၂)ရာခိုင်နှုန်းခန့်သာ ဖြန့်ဖြူးပေးနိုင်ပါကြောင်း၊ ဖြန့်ဖြူးပေးနေသော သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် (၄၉)ရာခိုင်နှုန်း စက်မှု ကဏ္ဍအတွက် (၃၂)ရာခိုင်နှုန်း၊ ကုန်ကြမ်းပစ္စည်းအတွက်(၁၁)ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက်(၇) ရာခိုင်နှုန်း အသုံးပြုလျက်ရှိပါကြောင်း၊ ကုန်ကြမ်းအဖြစ်အသုံးပြုသော သဘာဝဓာတ်ငွေ့(၁၁)ရာခိုင်နှုန်းကို စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံ(၃)ရုံနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ (၂)ရုံအတွက်သာ အသုံးပြုလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးဖြန့်ဖြူးပေးလျက်ရှိသော သဘာဝဓာတ်ငွေ့၏ (၉)ရာခိုင်နှုန်းကို နိုင်ငံပိုင်ဘိလပ်မြေစက်ရုံများအတွက် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

ကုန်းတွင်းသဘာဝဓာတ်ငွေ့များမှ သဘာဝဓာတ်ငွေ့ကုဗပေသန်း(၇၀)ခန့်ဖြင့် ပြည်တွင်းသုံးစွဲရန် မလုံလောက်သဖြင့် ကမ်းလွန်ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ကုဗပေသန်း(၂၀၀)ကို ရယူဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ပြည်တွင်းသုံးစွဲရန်အတွက် သဘာဝဓာတ်ငွေ့ကုဗပေ သန်း(၁၆၀)ကို ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများဖြစ်သော ရွှေစီမံကိန်းနှင့် ဇောတိကစီမံကိန်းများမှ ထပ်မံရယူမည်ဖြစ်ပြီး ယင်းအခြေအနေတွင် စုစုပေါင်း သဘာဝဓာတ်ငွေ့ ကုဗပေသန်း (၄၃၀)ခန့်နှင့် မုတ္တမကမ်းလွန်လုပ်ကွက် M-3 မှ ထွက်ရှိလာသည့် ဓာတ်ငွေ့အားလုံးကို နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်မှုကဏ္ဍများသို့ တိုးမြှင့်ဖြန့်ဖြူး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါ တိုးမြှင့်ဖြန့်ဖြူးပေးမည့် သဘာဝဓာတ်ငွေ့ရယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဘိလပ်မြေစက်ရုံများနှင့် အခြားစက်ရုံ၊ အလုပ်ရုံများအတွက် ပိုက်လိုင်းကွန်ရက်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ ကုန်းပိုင်းလုပ်ကွက်(၁၈)ကွက်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ၎င်းလုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ထပ်မံတွေ့ရှိ ထုတ်လုပ်နိုင်ပါကလည်း ပြည်တွင်းရှိနိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဘိလပ်မြေစက်ရုံများအပါအဝင် သဘာဝဓာတ်ငွေ့သုံးစက်ရုံ၊ အလုပ်ရုံများမှ လိုအပ်သောသဘာဝဓာတ်ငွေ့ကို ထပ်မံဖြည့်ဆည်းဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**ယနေ့မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကဏ္ဍတွင် သဘာဝဓာတ်ငွေ့အမြောက်အမြား ထုတ်လုပ်ရရှိပြီး ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းက နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးနေခြင်းဖြစ်ပါကြောင်း၊ ၁၉၈၁ ခုနှစ်ခန့်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ကိုယ်ပိုင်တွင်းတူးစက်များဖြင့် ယခု ရတနာသဘာဝဓာတ်ငွေ့မြေနေရာတွင် သဘာဝဓာတ်ငွေ့အမြောက်အမြား ရှာဖွေတွေ့ရှိခဲ့ပါကြောင်း၊ ထိုခေတ်က ရေနံကိုသာအဓိကရှာဖွေခဲ့ခြင်းဖြစ်ပြီး သဘာဝဓာတ်ငွေ့ကို တန်ဖိုးရှိအောင်အသုံးချနိုင်သော စက်မှုလုပ်ငန်းများ မရှိသေးသဖြင့် ပတ်ဝန်းကျင် အဆိပ်အတောက်မဖြစ်အောင် အကြောင်းမဲ့မီးရှို့ဖယ်ရှားပစ်နေရသည့် အခြေအနေဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခင်အစိုးရလက်ထက်တွင် ပြည်ပမှ အရင်းအနှီးနှင့် အတတ်ပညာများ ဖိတ်ခေါ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ရာ ယနေ့သိရှိကြသည့် ရတနာနှင့်ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းကြီးများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်သဖြင့် မိမိထည့်ဝင်သော ရှယ်ယာအချိုးအရသာလျှင် အကျိုးခံစားရပြီး အရင်းအနှီးထည့်ဝင်ရန်လည်း ပြည်ပမှချေးငွေများရယူခဲ့သည့်အတွက် ဓာတ်ငွေ့ရောင်းချပြီးဝင်ငွေရမှသာ ချေးငွေအရင်းများ၊ အတိုးများကိုလည်း ပြန်ပေးဆပ်နိုင်ပါကြောင်း၊ မိမိအရင်းအနှီး၊ နည်းပညာများနှင့် မလုပ်နိုင်သေးသည့်အတွက် ကမ်းလွန်သဘာဝဓာတ်ငွေ့များကို ပြည်ပသို့ရောင်းချခဲ့ခြင်းဖြစ်ပါကြောင်း။**

ယနေ့အစိုးရလက်ထက်တွင် ထပ်မံရှာဖွေတွေ့ရှိလာသော သယံဇာတဖြစ်သည့် လုပ်ကွက် M-3 အောင်သိခ်ိ စီမံကိန်းမှထွက်ရှိမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များမှစ၍ နောင်တွေ့ရှိလာမည့် စွမ်းအင်အရင်းအမြစ်အားလုံးကို ပြည်တွင်းသုံးအတွက်သာ ဦးစားပေးသုံးစွဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကပြောင်းလဲကျင့်သုံးသော ဈေးကွက်စီးပွားရေး မူဝါဒများနှင့်အညီ ငွေရေးကြေးရေးစနစ်ကိုလည်း လိုက်လျောညီထွေဖြစ်စေရေးအတွက် လျှော့ပေါ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်ငွေရေးကြေးရေး ထောက်ပံ့နိုင်ရန်အတွက် ငွေကြေးချေးငှားပေးနိုင်မှုများအတွက် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို အဆင့်လိုက် သင့်တင့်လျောက်ပတ်စွာ ဖြေလျှော့ပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိကဘဏ်များက ဘိလပ်မြေစက်ရုံများအတွက် လိုအပ်သောငွေများအား ထုတ်ချေးပေးလျက်ရှိရာ ၂၈-၉-၂၀၁၁ရက်အထိ ပုဂ္ဂလိကဘိလပ်မြေ စက်ရုံများသို့ ချေးငွေကျပ်သန်း(၂၀၂၀၀)ထုတ်ချေးပြီးဖြစ်သည်ကိုသိရှိရပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၉၄၇ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ)အက်ဥပဒေ ပုဒ်မ ၃ အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကုန်ကြမ်းပစ္စည်းတင်သွင်းမှုအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်အမိန့်ကို ထုတ်ပြန်ခဲ့ပါကြောင်း**ဖြင့် ဖြေကြားသည်။

စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **စွမ်းအင်အရောင်းဆိုင်များကို မြို့တိုင်းတွင် ပြိုင်ဆိုင်ရောင်းချနိုင်ရေးအတွက် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာပြည်တစ်ဝန်းရှိ နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်(၂၆၁)ဆိုင်ကို ပုဂ္ဂလိကသို့အပြီးအပိုင် ရောင်းချလွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ အဆိုပါဆိုင်များအပြင် စက်သုံးဆီအရောင်းဆိုင်များနှင့် သိုလှောင်ဖြန့်ဖြူးရေးစခန်းများ အသစ်တည်ဆောက်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လက်ရှိစက်သုံးဆီရောင်းချခြင်းကို ဒေသန္တရခွင့်ပြုချက်ဖြင့် လုပ်ကိုင်နေသူများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း၊ ၂၀၁၁ ခုနှစ် စက်တင်ဘာလကုန်အထိ အဆိုပြုတင်ပြလျှောက်ထားသည့် အရောင်းဆိုင် စုစုပေါင်း(၄၄၄)ဆိုင်ရှိပြီဖြစ်ပါကြောင်း၊ အဆိုပါ ဆိုင်အသစ်များကို စစ်ဆေးရေးအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးစေပြီး ဆိုင်အသစ်ဖွင့်လှစ်ဆောင်ရွက်ရန် ခွင့်ပြုသင့်ပါက နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ တင်ပြခွင့်ပြုချက်ရယူ၍ စက်သုံးဆီအမျိုးအစားအလိုက် သိုလှောင်ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်များကို ခွင့်ပြုထုတ်ပေးပြီး စက်သုံးဆီအရောင်းဆိုင်အသစ်များ ဖွင့်လှစ်ရောင်းချခွင့်ပြုလျက်ရှိရာ ၂၀၁၁ ခုနှစ် စက်တင်ဘာလကုန်အထိ အသစ်ထပ်မံဖွင့်လှစ်ရောင်းချသည့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်(၁၃၀)ရှိပြီဖြစ်သဖြင့် တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း(၃၉၁)ဆိုင်ရှိနေပြီဖြစ်ပါကြောင်း၊ အဆိုပြုတင်ပြလျှောက်ထားသည့် ကျန်စက်သုံးဆီအရောင်းဆိုင်အသစ်(၃၁၄)ဆိုင်မှာ ဆောင်ရွက်ရန်လိုအပ်ချက်များရှိနေသေးသဖြင့် အသစ်ဖွင့်လှစ်ခွင့်မပြုသေးပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင် မရှိသေးသည့် မြို့/မြို့သစ်များ ရှိနေသကဲ့သို့ အချို့သောလမ်းဆုံလမ်းခွနေရာများ၊ Toll Gate များနှင့် လမ်းကြောအနေအထားအရ အရောင်းဆိုင်အသစ်တည်ဆောက်ဖွင့်လှစ်ပေးရန် လိုအပ်သဖြင့် တည်ဆောက်ဖွင့်လှစ်ရန်လိုအပ်သည့်နေရာများကို အကြံပြုပြန်ကြားပေးပါရန် သက်ဆိုင်ရာ အစိုးရအဖွဲ့များထံသို့ တောင်းခံခဲ့ပါကြောင်း၊တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အသစ်ဖွင့်လှစ်လိုသည့်နေရာ(၄၈၂)နေရာကို အကြံပြုပြန်ကြားလာသဖြင့် စီးပွားရေးအရ တွက်ခြေကိုက်သည့်နေရာ၊ အမှန်တကယ်လိုအပ်သည့် နေရာများတွင် လုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအနေဖြင့် စက်သုံးဆီအရောင်းဆိုင်အသစ် တည်ဆောက်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံးသို့ အဆိုပြုတင်ပြလျှောက်ထားနိုင်ရေး လိုအပ်သလို ညှိနှိုင်းတင်ပြ ဆောင်ရွက်သွားရန် တိုင်းဒေသကြီး ရောင်းဝယ်ရေးအရာရှိရုံးများသို့ ညွှန်ကြားဆောင်ရွက်ခဲ့ပါကြောင်း။

**စက်သုံးဆီအရောင်းဆိုင်အသစ်များ၊ သိုလှောင်ဖြန့်ဖြူးရေးစခန်းအသစ်များ တည်ဆောက်၍ လုပ်ကိုင်ဆောင်ရွက်သည့် စက်သုံးဆီလုပ်ငန်းသည် နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကသို့ ရောင်းချသည့် လုပ်ငန်းမဟုတ်ဘဲ မိမိပိုင်မြေပေါ်တွင် သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ထောက်ခံချက်ဖြင့် စွမ်းအင်ဝန်ကြီးဌာန၏ကြီးကြပ်ကွပ်ကဲမှုအရ လုပ်ကိုင်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါသဖြင့် နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်နှင့် သဘောသဘာဝပတ်သက်မှုမရှိသောကြောင့် စွမ်းအင်ဝန်ကြီးဌာန၏အစီအစဉ်ဖြင့်သာ ဆက်လက်ဆောင်ရွက်ရန် နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံး၏ ၇-၁၀-၂၀၁၁ ရက်စွဲပါ စာနှင့်အကြောင်းကြားလာခဲ့ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အတွင်း ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အသစ်ဖွင့်လှစ်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်မဆို လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြလျှောက်ထားရန်ဖြစ်ပါကြောင်းနှင့် နေ့စဉ်ထုတ်ပြည်တွင်းသတင်းစာများတွင် ကြော်ငြာထည့်သွင်းကြေညာ၍ အဆိုပြုလွှာများ ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ဒုတိယပုံမှန်အစည်းအဝေး(၃၆)ရက်မြောက်နေ့ကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(၃၇)ရက်မြောက်နေ့ကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)



**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးကြစဉ်။**
(သတင်းစဉ်)

# အထွေထွေရောဂါကုဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့၏ (၁၃)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်ညီလာခံကို တောင်ကြီးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ညီလာခံတွင် ခင်းကျင်းပြသမည့် ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများနှင့် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးလိုပါသဖြင့် အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

# TV Guide ထုတ်ဝေဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁၈**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ-၂၊ အမှတ်(၃၅)ကို အောက်တိုဘာ ၁၅ ရက် (စနေနေ့)က စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း- ၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express (09-5080850, 391186) သို့ မှာယူနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "သတိသမ္ပဇဉ် မြတ်လမ်းစဉ်" တရားတော် (ညောင်ကန်အေး ဆရာတော် ဒေါက်တာအရှင်ဣန္ဒက) |
| ၆း၃၅ | ဆုပန်ရည်စူးအရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၆၁)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၀၃)** |
| ၈း၅၅ | ဒါနလက်များဆက်၍နွဲ့. . . မုံရွာမြို့ရဲ့ဆွမ်းလုံးပွဲ |
| ၉း၁၀ | Activities In The City |
| ၉း၂၅ | Yangon Airways ၏ (၁၅)နှစ်ပြည့်အခမ်းအနား |
| ၉း၄၀ | အားကစားမြင်ကွင်းစုံ |
| ၁၀း၀၅ | Activities In The City |
| ၁၀း၁၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၀း၃၅ | ဓာတ်ပုံထဲမှအမှတ်တရများ |
| ၁၁း၃၀ | (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် |
| ၁း၀၀ | "သတိသမ္ပဇဉ် မြတ်လမ်းစဉ်" တရားတော် (ညောင်ကန်အေး ဆရာတော် ဒေါက်တာအရှင်ဣန္ဒက) |
| ၁း၅၀ | ကပ်လျှူပူဇော်ကုသိုလ်ယူမယ် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်ဝယ် |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | စကားနပန်း |
| ၃း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၆၁)** |
| ၄း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၀၃)** |
| ၅း၁၅ | Dumex မှ ကြီးမှူးကျင်းပသော ကိုယ်ဝန်ဆောင်ကျန်းမာရေး ဆွေးနွေးပွဲ |
| ၅း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | စပါးတစ်ဧက တင်းရာကျော် ထွက်အောင်ဆောင်ရွက်ရမည့် နည်းပညာများ |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (ဇာတ်သိမ်းပိုင်း)** |
| ၇း၂၅ | Cartoon Show Time |
| ၇း၄၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | ရယ်စရာဇာတ်ရှင်း (ဗေလုဝနှင့်မယားပါသားများ) |
| ၈း၅၀ | Celebrity Style |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၀၄)** |
| ၁၀း၂၀ | သင်ကြားရေးလမ်းညွှန် |
| ၁၀း၄၅ | Industrial Talk |
| ၁၁း၁၅ | World of Knowledge |
| ၁၂း၀၅ | ဒစ်ဂျစ်တယ်အလှကမ္ဘာ |
| ၁၂း၂၀ | ကြည်နူးစရာလက်ဆောင်အဖြာဖြာ |
| ၁၂း၃၅ | Rh (Negative) သွေးလိုအပ်ခြင်း အကြောင်းသိကောင်းစရာ (ဒေါက်တာသီတာအောင်) |
| ၁၂း၅၅ | နှလုံးသားရဲ့ခံစားမှုတိုင်းကို မှတ်တမ်းတင်စေမယ့် 7 Picture |
| ၁း၂၅ | လှေကားသုံးထစ်ဆင်းတဲ့အခါ (မင်းသူ၊ အရိုင်း၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)] |
| ၁း၃၅ | Shooting Location |
| ၁း၅၀ | မြန်မာနိုင်ငံ၏တစ်ခုတည်းသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ |
| ၂း၀၅ | စွဲမက်ဖွယ်ရာရတနာ |
| ၂း၃၀ | သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော် |
| ၂း၄၀ | ရင်နှစ်ပန်းတို့လန်းစေချင် |
| ၂း၅၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၃း၅၅ | အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏အလွဲများ) |
| ၄း၂၀ | အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ |
| ၄း၃၅ | စကားဝါမြေမှ ပွဲတော်တစ်ခု |
| ၄း၄၅ | မြစ်သားမြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စတုတ္ထနေ့အဖြစ် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များ နယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်ခမ်းနားစွာ ဆက်လက်ကျင်းပသည်။**

အဆိုပါပြိုင်ပွဲအသီးသီးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်မြတ်နိုးကြသည့် ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား၊ အမျိုးသမီး) အရေးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ဦးချမ်းမြေ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်မြက ကြီးကြပ်၍ မဟာဂီတ အဆိုအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် "ဝေဇယန်နှင့် နှုန်းငြား" (ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ မသိန်းမျိုးနွယ်(ခ) ဂျွတ်စပွတ်စိန်၊ ဧရာဝတီတိုင်းဒေသကြီးမှ မဟန်နီအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မခင်လပြည့်ဝန်း၊ မန္တလေးတိုင်းဒေသကြီးမှ မစုမြတ်အောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မခင်ပိုးပန်းချီ၊ မွန်ပြည်နယ်မှ မအိအိဖြူ၊ ပဲခူးတိုင်းဒေသကြီးမှ မဖူးပွင့်၊ ရခိုင်ပြည်နယ်မှ မလမင်းခင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မမြသဇင်၊ မကွေးတိုင်းဒေသကြီးမှ မစုမြတ်နိုး၊ ချင်းပြည်နယ်မှ မမေသက်ထားဆွေ၊ ကရင်ပြည်နယ်မှ မဝင်းသူသူအောင်နှင့် ကချင်ပြည်နယ်မှ မထိန်နိုပန်တို့က လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲတွင် "သောင်းကျေးဒီပါဝေ" (မွန်)သီချင်းဖြင့် ပဲခူးတိုင်းဒေသကြီးမှ ဦးကိုကိုဝင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သော်တာထွန်း၊ မွန်ပြည်နယ်မှ မောင်ဖြိုးမင်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဝေဖြိုးအောင်၊ ရှမ်းပြည်နယ်မှ မောင်စိုင်းပြည့်ဖြိုးဇော်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်စိုးဝေဖြိုးနှင့် မောင်အောင်သူစိုး၊ ရခိုင်ပြည်နယ်မှ မောင်ပိုင်ဖြိုးကို၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်နိုင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သန်းစိုးလွင်တို့က လည်းကောင်း ပါဝင်ယှဉ်ပြိုင်သီဆိုကြသည်။

ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြက ကြီးကြပ်၍ ခေတ်ဟောင်း/ ကာလပေါ် အဆိုအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးမင်းနောင်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ၌ "ကျွန်တော့်မွေးဌာနီ"(ကာလပေါ်)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်ဇင်ဝင်း၊ မွန်ပြည်နယ်မှ မောင်စိုးထက်၊ ကချင်ပြည်နယ်မှ မောင်ကောင်းခန့်ထက်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်သန့်ဇင်ဝင်း၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်မျိုးဟိန်း၊ ရှမ်းပြည်နယ်မှ မောင်ကျော်ဆုဟိန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ရွှေမျိုးကိုအောင်၊ ကရင်ပြည်နယ်မှ မောင်အောင်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်သက်နိုင်စိုး၊ မကွေးတိုင်းဒေသကြီးမှ မောင်စိုင်းဝဏ္ဏအောင်နှင့် ရခိုင်ပြည်နယ်မှ မောင်ခိုင်ကျော်ငြိမ်းတို့က လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် "ကက္ကဋရွှေစည်" သီချင်းဖြင့် မကွေးတိုင်းဒေသကြီးမှ မောင်ရဲနောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်နိုင်လင်းအောင်၊ ကရင်ပြည်နယ်မှ ခွန်ရင်သွေး၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်သန်းထိုက်အောင်၊ မွန်ပြည်နယ်မှ မောင်ကျော်ဇောဟိန်း၊ ကယားပြည်နယ်မှ မောင်သီဟစိုး၊ ပဲခူးတိုင်းဒေသကြီးမှ မောင်သီဟလင်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်သက်ပိုင်ကြွယ်၊ ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ ရှမ်းပြည်နယ်မှ မောင်ဇော်ထက်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သန်းစိုးလွင်နှင့် မောင်ယုကိုလတ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထန်လျန်ကပ်နှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်မောင်ထွေးတို့က လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅) နှစ်မှ (၂၀)နှစ် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် "သတ္တဌာန" သီချင်းဖြင့် ရှမ်းပြည်နယ်မှ မမော်မော်စန်း၊ ရခိုင်ပြည်နယ်မှ မမေသန်းမော်အေး၊ ကချင်ပြည်နယ်မှ မရှုသ၊ ကရင်ပြည်နယ်မှ မဝင်းလဲ့လဲ့အောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မစုယဉ်ထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မလွင်သူချို၊ မန္တလေးတိုင်းဒေသကြီးမှ မဝတ်ရည်ဖြိုး၊ မွန်ပြည်နယ်မှ မပန်းအိစံ၊ မန္တလေးတိုင်းဒေသကြီးမှ မနွေးနွေး၊ ချင်းပြည်နယ်မှ မမေသူသူထွန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ မရတနာနိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မစန်းနီလာညိမ်း၊ မကွေးတိုင်းဒေသကြီးမှ မမာလာကျော်နှင့် ပဲခူးတိုင်းဒေသကြီးမှ မဖူးဖူးတို့ကလည်းကောင်း ဝင်ရောက်သီဆိုယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင် ခေါင်းဆောင်သော အကအကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) အကပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မောင်သန်းတိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်နိုင်ထက်အောင်၊ ရှမ်းပြည်နယ်မှ မောင်ဝင်းဗိုလ်၊ ကရင်ပြည်နယ်မှ စောအိန်ဖူးကျော်၊ ရခိုင်ပြည်နယ်မှ မောင်ပိုင်ပိုင်ဇော်သစ်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ချမ်းသော်သော်အောင်လင်းထိုက်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်တေဇာအောင်၊ ကချင်ပြည်နယ်မှ မောင်သိန်းသန်းထွန်း၊ ကရင်ပြည်နယ်မှ မင်းလရင့်ညာဏ်၊ မွန်ပြည်နယ်မှ မောင်လင်းညီညီခန့်၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်ညီညီဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ထက်ဝေယံ၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အေးမင်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အာကာစိုး၊ ချင်းပြည်နယ်မှ မောင်ရှိုင်းထက်ဇော်၊ ရှမ်းပြည်နယ်မှ မောင်ခန့်ကျော်ကျော်ထက်၊ မကွေးတိုင်းဒေသကြီးမှ မောင်သန်းဇော်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ပိုင်ထက်ဝေ၊ မကွေးတိုင်းဒေသကြီးမှ မောင်ကျော်ဇင်သန့်၊ ကချင်ပြည်နယ်မှ မောင်ဟိန်းထက်အောင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ဖြိုးဝေတို့က လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) အကပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဝင့်ဝါသျှန်၊ မွန်ပြည်နယ်မှ မမိကေဒါ၊ ကယားပြည်နယ်မှ ဒေါ်ငြိမ်းငြိမ်း၊ မန္တလေးတိုင်းဒေသကြီးမှ မနှင်းစုလှိုင်၊ ကချင်ပြည်နယ်မှ ဒေါ်စုစုထွေး၊ ရခိုင်ပြည်နယ်မှ ဒေါ်ချိုချိုပြုံး၊ မကွေးတိုင်းဒေသကြီးမှ ဒေါ်ခိုင်ခိုင်မော်၊ ကရင်ပြည်နယ်မှ မအိဖြူဖြူ၊ ရှမ်းပြည်နယ်မှ ဒေါ်ယုနန္ဒာနိုင်၊ ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ပပခင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မသန်းသန်းဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ မခင်စပယ်စန်း(ခ)ဒီမို၊ မန္တလေးတိုင်းဒေသကြီးမှ မနှင်းဝတ်ရည်ခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မမေသက်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မပန်းအိမွန်တို့က လည်းကောင်း အနုသုခုမ ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်တင်ဆက်ကြသည်။



အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မဝင်းလဲ့လဲ့အောင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)



ဝါသနာရှင်အဆင့် (ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဦးမြင့်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဝါသနာရှင်အဆင့် (ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ ကွက်စိပ်ပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးတင်စိုးနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြပြီး "ကုသဇာတ်" ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဇော်မျိုးကို(ခ) ထက်ကို(ခ) ဇော်မျိုးဝင်းက ဦးစိန်မုန့်လုံးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ဦးမြင့်ဦးက မြမင်းဗိုလ်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ ကချင်ပြည်နယ်မှ ဦးအောင်ကြည်စိုးက ဦးအောင်စိုးမိုး ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးမောင်မောင်က ဗိုလ်စတင်း ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား၊ အမျိုးသမီး) အရေးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ(၂)၌ ကျင်းပရာ အရေးအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား၊ အမျိုးသမီး) အရေးပြိုင်ပွဲတွင် "အရှေ့တောင်အာရှအားကစားပွဲ အောင်ပွဲရဖို့ တို့ဆင်နွှဲ" ခေါင်းစဉ်ဖြင့် ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ ကရင်ပြည်နယ်မှ စောထွန်းအာကာဗိုလ်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်ခင်၊ ချင်းပြည်နယ်မှ ဦးချမ်းမြေ့၊ မကွေးတိုင်းဒေသကြီးမှ ဦးကျော်သန်း၊ မွန်ပြည်နယ်မှ ဦးတင်မောင်ငြိမ်း၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးမြင့်ဆွေ၊ ကယားပြည်နယ်မှ မောင်လင်းဟိန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကိုကိုဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ဦးသန်းကျော်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးထွန်းသန်း(ခ) သိန်းတန်နှင့် ဦးမြတ်ဝေတိုး၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးကျော်ကျော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထန်လျန်ကပ်တို့ ပြိုင်ပွဲဝင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၈ နာရီ မိနစ် ၅၀ တွင် သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စန္ဒရားအကဲဖြတ်လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဦးနီနီနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် "မေတ္တာအဟုန်" (ကာလပေါ်တေး) ဖြင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ဉာဏ်လင်းထက်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ညီညီစန်းလွင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်ဘုန်းသူနှင့် ကချင်ပြည်နယ်မှ မောင်လဗျဂွမ်ရိန်အောင်တို့က တီးကွက်စုံလင်စွာဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် "ခါနွေဆန်းလန်းစီစီ" (ယိုးဒယား)ဖြင့် မန္တလေးတိုင်းဒေသကြီးမှ မဥမ္မာပြုံး၊ ရှမ်းပြည်နယ်မှ ဒေါ်ဥမ္မာနွယ်နှင့် ရခိုင်ပြည်နယ်မှ မအေးသီတာလှိုင်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။



အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ဟိန်းထက်အောင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီ ၁၅ မိနစ်တွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပတ္တလားအတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် "သောင်းရွှေလယ်" (ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကျော်ဇင်ထက်၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဇော်တင့်လင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဖြိုးထက်အောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်ကိုဇော်၊ မကွေးတိုင်းဒေသကြီးမှ မောင်ဌေးလင်းသန်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ချစ်ကိုကိုစိုးတို့က တီးခတ်ပြိုင်ပွဲဝင်ကြ သည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် "စိန်ကြောင်နီလာ" (ပတ်ပျိုး)သီချင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မမြင့်မြင့်သွယ်၊ မန္တလေးတိုင်းဒေသကြီးမှ မခင်သစ်လွင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မဝင့်သဉ္ဇာစတင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်မြန်မာပြည်စိမ်းနှင့် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ခိုင်သန္တာစိုးတို့က မြူးကြွသွက်လက်စွာ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို နံနက် ၉ နာရီခွဲတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ ဆိုင်းအကဲဖြတ်လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲတွင် "သာယာသာယာ" (ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မအိဖြိုးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ မသံစဉ်ယွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မကျော့တွယ်တာဟိန်း၊ မကွေးတိုင်းဒေသကြီးမှ မဌေးဌေးကျော်၊ ရန်ကုန်တိုင်းဒေသကြီးမှ မဝေဇင်ဖြိုး(ခ)ဖြိုးကိုကိုနှင့် မန္တလေးတိုင်းဒေသကြီးမှ မသိန်းမျိုးနွယ်(ခ) ဂျွတ်စပွတ်စိန်တို့က တီးခတ်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် "ရေမီးထိန်လျက်" (ယိုးဒယား) သီချင်းဖြင့် မွန်ပြည်နယ်မှ မရှုပါဌေး၊ မန္တလေးတိုင်းဒေသကြီးမှ မဝင်းမြတ်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးမှ မရွှေမိမိအောင်နှင့် မခင်မို့မို့တို့က သွက်လက်မြူးကြွသည့် တီးကွက်တို့ဖြင့် တီးခတ်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသမီး)ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် "အောင်မင်္ဂလာ" (ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မဝင့်သဉ္ဇာစတင်းနှင့် ဒေါ်ခိုင်ဇာဝင်းတို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

အတီးပြိုင်ပွဲ၏ ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ(၁)၌ ကျင်းပရာ ဆိုင်းအကဲဖြတ်လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❖**



အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မသံစဉ်ယွန်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)





# မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးပြိုင်ပွဲ
## ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြုဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၈

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ ည ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြုဇာတ်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။**

ဇာတ်တော်ကြီးပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များဖြစ်ကြသည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် ဇနီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဗဟို အကဲဖြတ်ပညာရှင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာကို ချစ်မြတ်နိုးကြသည့် ပရိသတ်များလာရောက်ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြုဇာတ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်နှင့် ဇာတ်ညွှန်း ဦးကိုကိုကြီး(ဟသ်ာတ)၊ ဒါရိုက်တာ မင်းသန်းဝင်း(ဟသ်ာတ)၊ သုဒ္ဓေါဒနအဖြစ် ရွှေမန်းအောင်စိုးမင်း၊ သုပ္ပဗုဒ္ဓအဖြစ် ရွှေမန်းကျော်သန်း၊ မယ်တော်မာယာအဖြစ် ဒေါ်စုနန္ဒာကျော်၊ ပဇာပတိဂေါတမီအဖြစ် ဒေါ်ခိုင်စီဦးနှင့် ဇာတ်ပို့ ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ထားကြပြီး ပတ္တမြားလှိုင်မင်းဆိုင်းအဖွဲ့က ပံ့ပိုးတီးမှုတ်ပေးကာ သံသရာဘေးမှ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ဖြင့် 'ငါ' ကူးခတ်လွတ်မြောက်သကဲ့သို့ သတ္တဝါများလည်း လွတ်မြောက်နိုင်စေရန် တည်းဟူသော မဟာကရုဏာတော်နှင့် ပြည့်စုံစွာလာခြင်းကောင်းမွန်တော်မူသော မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်းကို သဒ္ဓမ္မသုံးဖြာ သာသနာတော်အပေါ် ယုံကြည်သဒ္ဓါပွားများစေရန်နှင့် သာသနာတော်မြတ်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ဇာတ်လမ်း ဇာတ်ကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်တင်ဆက်သွားသည်။

(သတင်းစဉ်)

❖ **စာမျက်နှာ ၁၀ မှ**

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မသဇင်ထွေးအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မယွန်းဝတီအောင်ကျော်စိုး(ခ) မယွန်းဝတီဗိုလ်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မနှင်းဝတ်ရည်ထူး(ခ) စနေမအဖွဲ့တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မထက်ထက်လင်းအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ယဉ်ယဉ်နုအဖွဲ့နှင့် မဝင့်သဉ္ဇာစတင်းအဖွဲ့တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အတီးပြိုင်ပွဲ၏ ဒိုးပတ်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အိုးစည်အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးစိုးသိန်းနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ဒိုးပတ်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်သူဟိန်းအဖွဲ့နှင့် မောင်အောင်ထွန်းဦး(ခ) စိန်တွတ်တီးအဖွဲ့၊ ရောဝတီတိုင်းဒေသကြီးမှ ဦးအောင်ကိုဝေအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်သော်ဇင်ဖြိုးအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ဦးလင်းထိုက်အောင်အဖွဲ့၊ ရခိုင်ပြည်နယ်မှ ဦးဇော်ဇော်မြင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်စိုးဟန်အဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းမြတ်ကျော်အဖွဲ့တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား)ဒိုးပတ်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ကျော်ကျော်ထွန်းမောင်အဖွဲ့နှင့် မောင်စိန်ဗိုလ်ထွားအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်ထက်နိုင်အဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ချစ်တီး(ခ) ပြည့်ဖြိုးအောင်အဖွဲ့တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။ (သတင်းစဉ်)

# ချစ်ကြည်ရင်းနှီးမှုခိုင်မြဲလှ ဥတ္တရမိတ်ဆွေ

## လှိုင်ဘွား(ပါရမီ)

Google Satellite စာမျက်နှာပေါ်တွင်ကြည့်ပါက မြန်မာနိုင်ငံ၏မြောက်ဘက်ကုန်းပြင်မြင့်ကြီးမှာ ကြီးမားကျယ်ပြောလွန်းလှသည်။ ထိုနေရာဒေသနှင့်စာသော် မြန်မာနိုင်ငံက တော်တော်ကလေးပင် ပြန့်ပြူးလှသည်ဟုဆိုရပေမည်။ ထိုကုန်းပြင်မြင့်ကြီးအထဲမှ Tibetan Plateau ခေါ် တိဗက်ကုန်းပြင်မြင့်ကြီးကို မြစ်ဖျားခံကာ စီးဆင်းလာခဲ့သော မိုင်ပေါင်း ၁၇၄၉ မိုင်ရှည်လျားသည့် မြစ်ကြီးတစ်စင်းသည်လည်း ရှိနေပေရာ ထိုမြစ်ကို တရုတ်နိုင်ငံတွင် Gyalmo Ngulchu ဟု လည်းကောင်း၊ Nujiang (The Angry River)ဟု လည်းကောင်း ခေါ်ဝေါ်ကြပြီး မြန်မာနိုင်ငံတွင် သံလွင်မြစ်ဟု ခေါ်ဝေါ်ခဲ့ကြပေသည်။ မည်သို့ပင် အမည်မှည့်ခေါ်ကြသည်ဖြစ်စေ တစ်ရေတည်းဖြစ်ခဲ့သလို ဤရေကိုသောက်သုံးသူ၊ စိုက်ပျိုးလုပ်ကိုင်ကြသူများ ရှိနေကြသည်မှာတော့ သေချာလှပေသည်။ မြေချင်းကလည်းဆက်၊ ရေချင်းကလည်းဆက်၊ လူသားတို့ အချင်းချင်းလည်း ကူးလူးယှက်နွှယ် ရောင်းဝယ်ဖောက်ကားခဲ့ကြသည်များမှာ ရှေးလွန်လေခဲ့ပြီးသော ကာလများစွာကပင်တည်း။

ထိုမျှမက တရုတ်နှင့်မြန်မာ နှစ်နိုင်ငံစလုံးသည် ဖက်ဆစ်တို့၏ ကိုလိုနီဘဝသို့ ဖြစ်စဉ်တူ ကျရောက်ခဲ့ရမှုမှအစ လွတ်လပ်ရေးရရန်အတွက် ကြီးမားပြင်းထန်စွာ ရုန်းကန်ခဲ့ကြရာတွင်လည်း တူညီခဲ့ပေသည်။ ထိုမှနောက်ပိုင်း ဤဘက်ခေတ်သို့ ရောက်လာပြီး နိုင်ငံနယ်နိမိတ်တို့ ပိုင်းခြားသတ်မှတ်ကြသောအခါ တရုတ်နှင့် မြန်မာတို့အကြား နှစ်နိုင်ငံနယ်နိမိတ်အလျား ၁၃၅၈ မိုင်အထိ ရှည်လျားထူးခြားစွာ ထိစပ်မှုကို ငြိမ်းချမ်းစွာဖြင့် သဘောတူနိုင်ခဲ့ကြရာ ကမ္ဘာကပင် အံ့အားသင့်ခဲ့ကြရသည်။ ထိုသို့ နှစ်ပေါင်းများစွာ ရှည်လျားလှသည့် သမိုင်းကြောင်းတစ်လျှောက် ဘဝချင်းနားလည် ခင်မင်ရင်းနှီးစွာဖြင့် ယှဉ်တွဲပေါင်းဖော်ခဲ့ရသော မိတ်ဆွေရင်းချာနိုင်ငံ ဖြစ်ခဲ့ပေရာ ယခုအခါတွင်မူ ရင်းနှီးချစ်ကြည်မှုမှာ ဆွေမျိုးပေါက်ဖော် ဆက်ဆံမှုအဆင့်မှ တစ်ဆင့်တက်၍ နှစ်နိုင်ငံ မဟာဗျူဟာမြောက်ဆက်ဆံမှုအဆင့်သို့တိုင် ရောက်နေခဲ့ပေပြီ။ သမိုင်းကြောင်းတစ်လျှောက် မည်သို့သော အခြေအနေမျိုးတွင်ဖြစ်စေ ညှိနှိုင်းဆွေးနွေးကာ အိမ်နီးချင်းကောင်းအဖြစ်မှ ပျက်ပြယ်မသွားအောင် ယှဉ်တွဲနေထိုင်လာခဲ့ကြသည်ကို မပျက်ယွင်းနိုင်သော သက်သေများက ထင်ရှားစွာ ပြနေပေတော့သည်။

မြစ်သံလွင်က နှစ်နိုင်ငံသမိုင်းကြောင်းကို မှတ်တမ်းပြုနေသကဲ့သို့ပင် မြန်မာတို့အတွက်မူ တရုတ်နိုင်ငံနှင့် နယ်နိမိတ်အဖြစ်တည်ရှိလျက်ရှိသော ဟိမဝန္တာရေခဲတောင်တန်းကြီးကို မြစ်ဖျားခံလာသည့် မေခမြစ် တစ်ဖြစ်လဲ ဧရာဝတီမြစ်ကြီးကလည်း အရေးပါလှသည်။ ဤရေဝေတောင်တန်းကြီးက ၎င်းစုဆောင်းထားသည့် ရေအရင်းအမြစ်တို့ကို တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သို့ မျှဝေအန်ထုတ်ပေးနေပေရာ သူသာမိခင်ဖြစ်လျှင် သားသမီးအသွင်က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သာ ဖြစ်ပေလိမ့်မည်။

ယခုအခါ မြန်မာနိုင်ငံအတွင်း ဧရာဝတီမြစ်ကြီး၏အစဖြစ်သော မေခနှင့် မလိခမြစ်ဆုံတွင် တရုတ်နိုင်ငံပိုင်ကုမ္ပဏီဖြစ်သည့် CPI Corporation(China Power Investment Corporation) က ရေအားလျှပ်စစ်ရယူရေးအတွက် မြန်မာနိုင်ငံနှင့် ဖက်စပ်တည်ဆောက်မည့် မြစ်ဆုံတမံနှင့်ပတ်သက်၍ အယူအဆကွဲလွဲမှုများဖြစ်ပေါ်ကာ မြန်မာပြည်သူတို့အတွင်း စိုးရိမ်ပူပန်စိတ်များ တိုးတက်ဖြစ်ပေါ်လာခြင်းကြောင့် နိုင်ငံတော်သမ္မတကြီးက လွှတ်တော်သို့ သဝဏ်လွှာပေးပို့ကာ မြစ်ဆုံတမံတည်ဆောက်မှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အသိပေးခဲ့ပေသည်။

ထိုသို့သော မြစ်ဆုံကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းကို ရပ်တန့်ပယ်ဖျက်စေလိုသူများက တစ်ဖက်၊ ဆက်လက်ဆောင်ရွက်လိုသူများကတစ်ဖက် အငြင်းပွားလျက်ရှိကြရာ တရုတ်နိုင်ငံအတွင်းမှာပင် မီဒီယာများက ထိုသို့ မြစ်ဆုံစီမံကိန်းရပ်တန့်မှုနှင့် ပတ်သက်၍ တရုတ်နှင့် မြန်မာနိုင်ငံတို့အကြား စိတ်ဝမ်းကွဲပြားစရာတို့ကို အမျိုးမျိုးဝေဖန်ရေးသားလျက်ရှိနေကြသည်။ ထို့အပြင် မြန်မာနိုင်ငံတွင်း၌လည်း ရိုးရိုးသားသားဖြင့် မြစ်ဆုံတမံ၏ ဖြစ်ပေါ်လာနိုင်သောအန္တရာယ်တို့ကို စိုးရိမ်ပူပန်သူများ ရှိသကဲ့သို့ တရုတ်-မြန်မာ ဆက်ဆံရေးကို ပျက်ပြားစေလိုသော စေတနာဆိုးတို့ကို ရင်ဝယ်ပိုက်ကာ ဆောင်ရွက်သွေးထိုးနေကြသူများလည်း ပါဝင်နေကြောင်း တွေ့ရှိနိုင်ပေသည်။

ထို့အပြင်နိုင်ငံခြားသတင်းဌာနကြီးတစ်ခုကလည်း Wikileaks Website တွင် မြစ်ဆုံတမံစီမံကိန်း ဆန့်ကျင်လှုပ်ရှားသော အဖွဲ့များအား နိုင်ငံကြီးတစ်နိုင်ငံ၏သံရုံးမှ ငွေကြေးထောက်ပံ့ခဲ့ကြောင်း သတင်းပါရှိသည်ဟု သတင်းထုတ်ပြန်ခဲ့ပေရာ ဤအရေးကိစ္စကား သာမန်မျှမဟုတ်၊ ရှုပ်ထွေးနက်နဲမှုများ ရောပြွမ်းနေသော ကိစ္စတစ်ရပ်ဖြစ်ကြောင်း တဖြည်းဖြည်း သိမြင်လာရပေသည်။ မြစ်ဆုံကိစ္စကို အခြေခံ၍ မြန်မာ-တရုတ်ဆက်ဆံရေးပျက်ပြားစေရန် ပြောဆိုရေးသားထုတ်လွှင့်မှုများသည်လည်း များစွာပျံ့နှံ့လျက်ရှိနေရာ ရှေးပဝေသဏီကတည်းက ဖြစ်တည်ခိုင်ခံ့လာခဲ့သော တရုတ်-မြန်မာဆက်ဆံရေးကို ရည်ရွယ်ချက်ဖြင့် အမြစ်ကစ မြေလှန်လိုသူများ ရှိနေသည်ကို ယုံကြည်လက်ခံရပေတော့မည်။ မည်သို့ဖြစ်စေကာမူ အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်နိုင်ငံနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို အဓွန့်ရှည် တည်တံ့အောင် ဆက်လက်တည်ဆောက်သွားရန် အရေးတကြီး လိုအပ်လှပေသည်။

**တစ်ဖက်တွင်လည်း နိုင်ငံဖွံ့ဖြိုးမှုအတွက် လျှပ်စစ်စွမ်းအင်တို့က အလုံးအရင်းဖြင့် လိုအပ်နေပြီး ဤသည်ကို ရရန်အတွက် သဘာဝဓာတ်ငွေ့တို့ကို လောင်ကျွမ်းစေခြင်းဖြင့် ဖန်လုံအိမ်အာနိသင် အကျိုးဆက်ဖြစ်ပေါ်စေခြင်းကို လည်းကောင်း၊ နျူကလီးယားစက်ရုံများ တည်ဆောက်လည်ပတ်ခြင်းဖြင့် တည်ဆောက်ခဲ့သမျှ လုံးဝပျက်သုဉ်းနိုင်ခြင်းကိုလည်းကောင်း သက်သေကောင်းကောင်းတို့က အခိုင်အမာပြခဲ့ပြီဖြစ်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းသည်သာ အမှန်တရားနှင့် နီးစပ်လှကြောင်း ပညာရှင်အပေါင်းက သောင်းသောင်းဖြဖြ ဆိုနေကြပေပြီ။ သို့ဖြစ်ရာ အသူတစ်ရာမြင့်သည့် ပျားအုံပင်ပေါ်မှ ပျားဖွပ်သမားကဲ့သို့ပင် ပျားရည်နှင့် အန္တရာယ်ကို နှိုင်းယှဉ်ရယူခြင်းကသာ အနာဂတ်ရည်မှန်းချက်အတွက် အဖြေထွက်ပေလိမ့်မည်။ ထိုဖြစ်စဉ်တွင် အသင့်တော်ဆုံးလုပ်ဖော်ကိုင်ဖက်ကို ရွေးချယ်ရမည်ဖြစ်သကဲ့သို့ ထိုလုပ်ဖော်ကိုင်ဖက်ရော မိမိပါ မည်သူမျှ မနစ်နာရအောင်လည်း Win-Win Situation ကို ဖော်ဆောင်ရပေလိမ့်မည်။**

ဖြတ်သန်းလာခဲ့သည့် သမိုင်းတစ်လျှောက်ကို ပြန်ကြည့်လျှင်လည်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံဘက်မှ မားမားမတ်မတ်ရပ်တည်လျက် မြန်မာတို့၏ အမျိုးသားအကျိုးစီးပွားကို မှန်မှန်ကန်ကန် ရပ်တည်ကာကွယ်ပေးခဲ့သည်။ ၂၀၀၆ ခုနှစ် စက်တင်ဘာလအတွင်း အမေရိကန်နိုင်ငံက မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်း၊ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တင်ပြတောင်းဆိုပြီးနောက် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့ကို ဖိအားပေးစည်းရုံးဆောင်ရွက်ခဲ့ကာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ဗြိတိန်နိုင်ငံနှင့် ပူးပေါင်းပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအရေးကိစ္စအပေါ် ဆုံးဖြတ်ချက်ချမှတ်အရေးယူနိုင်ရေးအားထုတ်လုပ်ဆောင်ခဲ့မှုအပေါ် တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏အရေးကိစ္စမှာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်ကြောင်း၊ မြန်မာနိုင်ငံနှင့် အနီးကပ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများက မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် ဒေသတွင်းနှင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု မယူဆကြကြောင်း၊ လုံခြုံရေးကောင်စီ၏ မူလတာဝန်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်သာဖြစ်ပြီး လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏အရေးကိစ္စတွင် ပါဝင်ပတ်သက်ဆောင်ရွက်ရန်မလိုအပ်ကြောင်း၊ ပါဝင်ပတ်သက်ဆောင်ရွက်ပါက လုံခြုံရေးကောင်စီသည် ၎င်းအား မူလပေးအပ်ထားခြင်းခံရသော တာဝန်များထက်ကျော်လွန်ပြီး လုပ်ဆောင်ရုံသာမက အခြားကုလသမဂ္ဂ အေဂျင်စီများ၏ ဆွေးနွေးဆောင်ရွက်မှုများကိုပါ ထိခိုက်နှောင့်နှေးစေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်အတူ ဗီတိုအာဏာသုံး၍ ကန့်ကွက်ပယ်ချခဲ့ရာ ကုလသမဂ္ဂသမိုင်းတွင် ထူးခြားထင်ရှားလှသည့် Double Veto ဖြစ်ခဲ့ရပေသည်။

တစ်ဖန် ၂၀၀၉ ခုနှစ် ဇူလိုင်လတွင်လည်း တရုတ်နိုင်ငံ ဝါရင့်သံတမန်တစ်ဦးက နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးတိုးတက်မှုဖြစ်စဉ်ကို ပို၍မျှတစွာ အကဲဖြတ်ရန်နှင့် အထက်စီးဆန်စွာ ဆက်ဆံလျက် အမှန်ကိုမစူးစမ်းဘဲ မလိုမုန်းထားစိတ်နှင့် ဘက်လိုက်နေမှုကိုလျှော့ကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးဖွင့်အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဘက်မှ မှန်ကန်စွာ ရပ်တည်ခဲ့သည်။ ထိုသို့ အမြဲထာဝရ မြန်မာဘက်မှ အိမ်နီးချင်းကောင်းပီသစွာ ရပ်တည်ခဲ့မှုတို့ကြောင့်လည်း မြန်မာနိုင်ငံသည် ဒီမိုကရေစီခရီးတွင် အားအင်အပြည့်ဖြင့် ရှေ့သို့ချီတက်နေနိုင်ခဲ့ပေပြီ။ ထိုမျှမက မြန်မာ့လွှတ်တော်နှင့် အစိုးရအသစ်တို့၏ စဦးခရီးဂုဏ်ပြုပွဲကိုလည်း ပထမဆုံး အရောက်လာနွှဲသူက တရုတ်နိုင်ငံပင် ဖြစ်ခဲ့ပေသည်။

ထိုမျှနှင့်မနေသေး၊ စီးပွားရေးကဏ္ဍတွင်လည်း အင်အားကြီး ကိုလိုနီနယ်ချဲ့တို့၏ ဝိုင်းပတ်ပိတ်ဆို့မှုများအကြားမှ မြန်မာနိုင်ငံအတွက် ရေစင်တစ်ပေါက် အကူထောက်သည့်ပမာ ဖေးမကူညီခဲ့ရာမှ ယခုအခါ နယ်စပ်ကုန်သွယ်ရေးကဏ္ဍကို အချိန်တိုအတွင်း တိုးမြှင့်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင်း အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်လာခဲ့ပေပြီ။ အဘက်ဘက်မှ အင်အားကြီးမားသည့် နိုင်ငံကြီးတို့၏ ဘက်ပေါင်းစုံပိတ်ဆို့မှုကြားမှပင် တရုတ်နိုင်ငံ၏အကူအညီဖြင့် မြန်မာနိုင်ငံသားတို့သည် ဈေးနှုန်းချိုသာသော ကွန်ပျူတာများအပါအဝင် အဆင့်မြင့်ခေတ်မီပစ္စည်းကိရိယာများဖြင့် ပညာကိုလည်း သင်နိုင်ခဲ့ကြသည်။ ဖျော်ဖြေရေးအတွက် Television တို့ကိုလည်း ကြည့်နိုင် အမောဖြေနိုင်ခဲ့ကြသည်။ ကလေးတို့လည်း Mountain Bike ကဲ့သို့သော စက်ဘီးမှအစ အဆင့်မြင့်ကစားစရာမျိုးစုံကို မြင်နိုင် သုံးစွဲနိုင်ခဲ့ကြသည်။ ကျေးရွာသားတို့လည်း ၂၀၀၀ ပြည့်နှစ်ဝန်းကျင်အတွင်း ကျပ်တစ်ဆယ့်ငါးသိန်းခန့်ပေးရသော အခြားနိုင်ငံလုပ်ဆိုင်ကယ်တို့အစား တရုတ်နိုင်ငံထွက် ဆိုင်ကယ်တို့ကို ကျပ်လေးငါးသိန်းမျှဖြင့် ဝယ်စီးနိုင်ခဲ့ကြပေရာ ယခုအခါ ဆိုင်ကယ်ဖြင့် ပဲပြုတ်ရောင်းသော ကာလကို တက်လှမ်းနိုင်ခဲ့ကြပေပြီ။ LED ဓာတ်မီးလေးများဖြင့် ညအမှောင်ကိုခွင်း၍ သွားလာနိုင်ခဲ့ကြပေပြီ။ ဈေးပေါပြီး ကိုယ့်ဝင်ငွေကလေးဖြင့် နိုင်နိုင်နင်းနင်းသုံးစွဲနိုင်ခဲ့သော တရုတ်ပစ္စည်းများအတွက်လည်း ကျေနပ်ကြသည်။ ထိုကိစ္စရပ်များအတွက် သူ့အကျိုး ကိုယ့်အကျိုး ဖြစ်ထွန်းစေသည်မို့ အခင်အမင်တိုးကြရသည်။ အမှန်တကယ်ပင် Win-Win Situation ဖြစ်ခဲ့သည်။

**ယခုမြစ်ဆုံကိစ္စ ယာယီရပ်ဆိုင်းလိုက်ရခြင်းသည်လည်း နိုင်ငံတော်သမ္မတကြီးက ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို အလေးထားကာ ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပေသည်။ နားလည်မှုပေးနိုင်သည့် ဆုံးဖြတ်ချက်သာ ဖြစ်ပေသည်။ ဤကိစ္စရပ် အပေါ် တရုတ်နိုင်ငံဘက်မှနစ်နာမှုများအတွက်လည်း နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပြီး ပြေလည်စွာ ဖြေရှင်းသွားမည်သာဖြစ်ပေသည်။ တရုတ်နိုင်ငံနှင့် မိမိတို့နိုင်ငံမှာ မြစ်ဆုံ ကိစ္စသာ ဆက်နွှယ်သည်မဟုတ်ဘဲ များလှစွာသောကဏ္ဍများမှ ကျန်ကိစ္စများလည်း ရှိနေပေရာ ထိုကိစ္စများအတွက် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးတက်ဖြစ်ထွန်း ကြပေဦးတော့မည်။ ထိခိုက်စရာအကြောင်းမရှိ။**

**မြန်မာနိုင်ငံခြားရေးမူဝါဒသည်လည်း အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက်ဆက်ဆံသွားမည်ဟု ဆိုထားပေရာ တရုတ်နိုင်ငံနှင့် ရေရှည်တည်တံ့ခိုင်မာသည့် ဆက်ဆံရေးကို ဆက်လက်ထူထောင်သွားမည်သာ ဖြစ်ပေသည်။ တစ်ချိန်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ယန်ရှန်ခွန်က "နှစ်နိုင်ငံနီးကပ်မှုနှင့် ချစ်ကြည်မှုအတိုင်းအတာကိုပြောရလျှင် တစ်ဖက်ခြံမှ ကြက်တွန်သံကို တစ်ဖက်ခြံမှ ကြားရသည့်ပမာ နီးစပ် ဆက်သွယ်မှုရှိသည်" ဟု ပြောခဲ့သည့်အတိုင်း နီးစပ်မှုအတိုင်းအတာက ကြီးမားလှပေရာ အဘယ်အရာက ကြားဝင်ဖြိုခွဲနိုင်အံ့နည်း။**

တကယ်တော့ ဧရာဝတီမြစ်ကြီးသည်လည်း မည်သည့်အကြောင်းနှင့်မျှ ပျောက်ကွယ်စရာမရှိ၊ ထာဝရ တည်ရှိနေမည်သာ။ ထို့အတူ တိဗက်ကုန်းပြင်မြင့်ကြီးသည်လည်းကောင်း၊ မြန်မာပြည်မြောက်ဘက် တောင်တန်းကြီးများ တစ်ဖက်ခြမ်းမှ အိမ်နီးချင်းတို့သည်လည်းကောင်း နှစ်ပေါင်းထောင်သောင်းမက တည်ရှိနေဦးမည်သာ။ မည်သည့်အရပ်မျက်နှာက အိမ်နီးချင်းကိုမျှ အသိအမှတ်မပြု၍မရ၊ သမိုင်းက ပေးလာသည့်အတိုင်း အတူတကွ ယှဉ်တွဲနေထိုင်ကြရတော့မည်ဖြစ်ရာ ဆည်တမံဆောက်ခြင်းကိစ္စတွင် အကျိုးနှင့်အပြစ် ခွဲ၍မြင်ရန် ကြိုးစားကြသကဲ့သို့ အိမ်နီးချင်းတို့နှင့် ခင်မင်မှုမပျက်စေရေးကိစ္စတွင်လည်း အကျိုးအပြစ် မြင်တတ်ကြပြီး အကောင်းဆုံးလမ်းကြောင်းကို အတူတကွလျှောက်လှမ်းကြခြင်းဖြင့်သာ "ကမ္ဘာတည်သရွေ့ မြန်မာပေ့" ဟု ဥဒါန်းကျူးရင့်နိုင်ကြပေလိမ့်မည်။ ။

# အခြေခံမှစပြီး ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်သွားမှသာလျှင် ဘောလုံးအားကစားချန်ပီယံဆုများ ပြန်လည်ဆွတ်ခူးလာနိုင်မည် ရပ်ကွက်၊ ကျေးရွာများနှင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် ဘောလုံးကွင်းများ ထည့်သွင်းပြုလုပ်ပေးရန်လိုအပ် ဒေသအလိုက် ဘောလုံးပွဲများ ကျင်းပပေးရန်လိုအပ်သကဲ့သို့ အားကစားပစ္စည်းများ ဈေးနှုန်းချိုသာစွာ ဝယ်ယူအသုံးပြုနိုင်အောင် စီစဉ်ပေး

နေပြည်တော်　　အောက်တိုဘာ　　၁၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့ဘောလုံးအားကစားစွမ်းရည် တိုးတက်မြင့်မားလာစေရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။**

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဘောလုံးကလပ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘောလုံးအားကစားကျွမ်းကျင်သူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ စာတမ်းရှင်များနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ဘောလုံးသမိုင်းကို ပြန်လည်လေ့လာမည်ဆိုလျှင် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားပြီးနောက် အောက်မြန်မာနိုင်ငံ နယ်ချဲ့လက်အောက် ကျရောက်ခဲ့သည့်အချိန်မှစပြီး နယ်ချဲ့အုပ်ချုပ်ရေး အရာထမ်းများနှင့် မြန်မာလူငယ်များ အပျော်တမ်းယှဉ်ပြိုင်ကစားခဲ့ကြရာမှ မြန်မာနိုင်ငံ၌ဘောလုံးကစားနည်း တစ်စတစ်စပျံ့နှံ့လာခဲ့သည်ဟု သိရပါကြောင်း။

ထိုစဉ်က ဘောလုံးကစားကြရာတွင် မြန်မာအမျိုးသားများက တောင်ရှည်ပုဆိုးခါးတောင်းကျိုက်ပြီး ကစားခဲ့ကြသည့်အတွက် မြန်မာအသင်းကို ပုဆိုးအသင်းဟုခေါ်ပြီး နိုင်ငံခြားသားမျက်နှာဖြူများပါဝင်သည့် အသင်းကို ဘောင်းဘီရှည်အသင်းဟု ခေါ်ကြသည်ဟု လေ့လာသိရှိရပါကြောင်း။

ဒုတိယကမ္ဘာစစ်အတွင်း ဘောလုံးကစားနည်းအနေဖြင့် မှတ်တမ်းတင်လောက်သောပြိုင်ပွဲများမရှိခဲ့ဘဲ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့် နောက်ပိုင်းမှသာ ပြန်လည်လှုပ်ရှားအသက်ဝင်ခဲ့ပါကြောင်း၊ ပြန်ကြည့်မည်ဆိုလျှင် ၁၉၆၀ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိကာလများတွင် အအောင်မြင်ဆုံးကာလဖြစ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အာရှချန်ပီယံအဖြစ် နှစ်ကြိမ်၊ အရှေ့တောင်အာရှချန်ပီယံ ငါးကြိမ်၊ မာဒေးကားချန်ပီယံ လေးကြိမ်၊ ပတ်ချ်ဟီးဖလားချန်ပီယံ သုံးကြိမ်၊ ဂျကာတာဖလားချန်ပီယံ လေးကြိမ်၊ မာရာဟာလင်ဖလားချန်ပီယံ သုံးကြိမ်၊ အာရှလူငယ်ချန်ပီယံအဖြစ် ရှစ်ကြိမ် အထိရရှိခဲ့သည့်အပြင် (၁၉၇၂)ခုနှစ်တွင် ကျင်းပသော မြူးနစ်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင်လည်း အသန့်ရှင်းဆုံးဆုရရှိသည်အထိ အောင်မြင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့နောက် ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အတွင်း မြန်မာ့ဘောလုံးလောက၏ အောင်မြင်မှုများ တဖြည်းဖြည်း ပြန်လည်မှေးမှိန်လာခဲ့ရပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာ့ဘောလုံးအားကစားစွမ်းရည်တိုးတက်မြင့်မားလာစေရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



ယ နေ့ သ တ င် း အ ညွှ န် း

## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

“မြန်မာရုပ်ရှင်ဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းပြီး နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှ ၂၀၀၂ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဩဂုတ်အထိ နိုင်ငံတကာရုပ်ရှင်ပွဲတော်(၈)ခုတွင် မြန်မာဇာတ်ကား(၂၄)ကား ဝင်ရောက်ပြသနိုင်ခဲ့”

ပြည်တွင်းသတင်း စာမျက်နှာ - ၆

## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

“ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၅)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခုအား အတည်ပြုခြင်း၊ ဥပဒေကြမ်း (၁)ခုကို လက်ခံဆွေးနွေးရန် သဘောတူခြင်းနှင့် ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့”

ပြည်တွင်းသတင်း စာမျက်နှာ - (၈-၉)

## မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံ ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ အောင်ပွဲရမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆို



အားကစားသတင်း စာမျက်နှာ - ၉

(19-10)20.pmd 1 10/19/2011, 4:01 AM